(ခ) စ၊ အဖွဲ့တပါးကား၊ ဓေနု၊ နွားမသည်။ ခီရံ၊ နို့ရည်ကို။ သူဒတိ ဝိယ၊ သွန်းလောင်းသကဲ့သို့ (ဝါ) ယိုစီးစေတတ် သကဲ့သို့။ တထာ၊ ထို့အတူ။ ဧတံ- သုတ္တံ၊ ဤသုတ်သည် (ဝါ) ဤသုတ္တန်ပိဋကတ်ပါဠိတော်မြတ်သည်။ အတ္ထေ၊ အကျိုးတို့ကို။ သူဒတိ၊ သွန်းလောင်းတတ်၏ (ဝါ) ယိုစေတတ်၏။ (၅-မှတ်) **(နည်းမှန်/အနက်မှန်လျှင် ၁၀-မှတ်၊ နည်းမှား/အနက်မှန်လျှင် ၆-မှတ်)။ (ဋ္ဌ၊ ၁၈၊ ပခုက္က၊ ၁၁၉။ ဘာဋီ၊ ၁၊ ၁၀၈)**။ မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။

၆။ တံ တံ အတ္ထမပေက္ခိတွာ၊ ဘုမ္မေန ကရဏေန စ။
အညတြ သမယော ဝုတ္တော၊ ဥပယောဂေန သော ဣဓ-ကို သဗ္ဗနာမ်အစွဲများ မှန်ကန်စေလျက် ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) တံ တံ အတ္ထံ၊ ထိုထိုသို့သော အာစာရအနက်, ဟိတ်, ကရိုဏ်းအနက်ကို။ **(သဗ္ဗနာမ်အစွဲ)** အပေက္ခိတွာ၊ ငဲ့၍။ အညတြ၊ ဤဗြဟ္မဇာလသုတ်မှတစ်ပါးသော သုတ်, အဘိဓမ္မာ, ဝိနည်းတို့၌။ **(သဗ္ဗနာမ်အစွဲ)** ဘုမ္မေန စ၊ သတ္တမီဝိဘတ်ဖြင့်လည်းကောင်း။ ကရဏေန စ၊ ကရိုဏ်းဝိဘတ်ဖြင့်လည်းကောင်း။ သမယော၊ သမယသဒ္ဒါကို။ ဝုတ္တော၊ ဆိုအပ်၏။ သော- သမယော၊ ထိုသမယသဒ္ဒါကို။ **(သဗ္ဗနာမ်အစွဲ)** ဣဓ၊ ဤဗြဟ္မဇာလသုတ်၌။ **(သဗ္ဗနာမ်အစွဲ)** ဥပယောဂေန၊ ဒုတိယာဝိဘတ်ဖြင့်။ ဝုတ္တော၊ ဆိုအပ်၏။ **(သဗ္ဗနာမ်အစွဲ ၅-မှတ်၊ ကြွင်း ၅-မှတ်)။ (ဋ၊ ၃၄။ နေရင်း-သျှ၊ ၁၊ ၁၂၄)**

တံ တံ အတ္ထံ၊ ထိုထိုအဓိကရဏအနက်, ဘာဝေန ဘာဝလက္ခဏအနက်, ဟိတ်အနက်, ကရိုဏ်းအနက်ကို။ အပေက္ခိတွာ၊ ရှုငဲ့၍။ အညတြ၊ ဤဧကံ သမယံဟူသောပုဒ်, အခြားဤသို့သဘောရှိသောပုဒ်တို့မှ တပါးသော အဘိဓမ္မာပိဋကတ်, အခြားသောသုတ်ပုဒ်, ဝိနည်းပိဋကတ်တို့၌။ ဘုမ္မေန၊ သတ္တမီဝိဘတ်ဖြင့်လည်းကောင်း။ ကရဏေန စ၊ ကရိုဏ်းဝိဘတ်ဖြင့်လည်းကောင်း။ သမယော၊ သမယသဒ္ဒါကို။ ဝုတ္တော၊ မိန့်တော်မူအပ်ပြီ။ ဣဓ၊ ဤဧကံ သမယံ-ဟူသောပုဒ်၌။ (အစ္စန္တသံယောဂတ္ထံ၊ အစ္စန္တသံယောဂအနက်ကို။ အပေက္ခိတွာ၊ ရှုငဲ့၍။) ဥပယော ဂေန၊ ဒုတိယာဝိဘတ်ဖြင့်။ ဝုတ္တော၊ မိန့်တော်မူအပ်ပြီ။ **(ဘာဋီ၊ ၁၊ ၂၁၅)။**
**(မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်)။**
**မှတ်ချက်။ ။** အညတြ၊ သုတ္တန်ပိဋကမှတစ်ပါး အဘိဓမ္မာပိဋက, ဝိနည်းပိဋကတို့၌။ ဣဓ၊ ဤသုတ္တန်ပိဋက၌-ဟု ပေးလျှင်လည်း အမှတ်ပေးပါ။

၇။ **အင်္ဂဝိဇ္ဇာ**တိ ပုဗ္ဗေ အင်္ဂမေဝ ဒိသွာ ဗျာကရဏဝသေန အင်္ဂံ ဝုတ္တံ၊ ဣဓ အင်္ဂလဋ္ဌိ ဒိသွာ ဝိဇ္ဇံ ပရိဇပ္ပိတွာ "အယံ ကုလပုတ္တော ဝါ နော ဝါ၊ သိရီသမ္ပန္နော ဝါ နော ဝါ "တိအာဒိဗျာကရဏဝသေန အင်္ဂဝိဇ္ဇာ ဝုတ္တာ-ကို ပါဌာနုသာရီနည်းအားဖြင့် ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) အင်္ဂဝိဇ္ဇာတိ၊ အင်္ဂဝိဇ္ဇာ-ဟူသည်ကား။ ပုဗ္ဗေ၊ ရှေး၌။ အင်္ဂမေဝ၊ လက်ခြေအစရှိသောအင်္ဂါကိုသာ။ ဒိသွာ၊ ကြည့်၍။ ဗျာကရဏဝသေန၊ ပြောဟောခြင်း(ကြားခြင်း)၏အစွမ်းဖြင့်။ အင်္ဂံ၊ အင်္ဂကျမ်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ဣဓ၊ ဤအင်္ဂဝိဇ္ဇာ-ဟူသော နောက်ပုဒ်၌ကား။ **အင်္ဂလဋ္ဌိ၊** အင်္ဂါကြီးငယ်တို့၏ဖြစ်ရာ တကိုယ်လုံးကို **(ဘာဋီ)**၊ အင်္ဂါကြီးငယ်တို့၏ပေါက်ရောက်ရာ၏အဖြစ်ကြောင့် ထန်းပင်နှင့်တူသောကိုယ်ကို **(ပဒုတ္တ)**။ ဒိသွာ၊ ကြည့်၍။ ဝိဇ္ဇံ၊ ဂါထာမန္တာန်အတတ်ကို။ ပရိဇပ္ပိတွာ၊ စုတ်၍ (ဝါ) မန်းမှုတ်၍။ (တစ်နည်း) ဝိဇ္ဇံ၊ မန္တာန်ကို။ ပရိဇပ္ပိတွာ၊ သရဇ္ဈာယ်၍။ အယံ၊ ဤသူသည်ကား။ ကုလပုတ္တော၊ အမျိုးကောင်းသားတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ အယံ၊ ဤသူကား။ နော ကုလပုတ္တော၊ အမျိုးကောင်းသားမဟုတ်။ ဣတိ ဝါ၊ ဤသို့သော်လည်းကောင်း။ အယံ၊ ဤသူကား။ သိရီသမ္ပန္နော၊ ကျက်သရေနှင့်ပြည့်စုံသူတည်း။ ဣတိ ဝါ၊ ဤသို့သော်လည်းကောင်း။ အယံ၊ ဤသူကား။ နော သိရီသမ္ပန္နော၊ ကျက်သရေနှင့်ပြည့်စုံသူမဟုတ်။ ဣတိ ဝါ၊ ဤသို့သော်လည်းကောင်း။ ဣတိအာဒိဗျာကရဏဝသေန၊ ဤသို့အစရှိသော ပြောဟောခြင်း၏အစွမ်းဖြင့်။ အင်္ဂဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာကျမ်းကို။ ဝုတ္တာ၊ ဟောအပ်ပြီ။ (၁၀-မှတ်)။ **(ဋ၊ ၈၈။ ဘာဋီ၊ ၁၊ ၅၆၃၊ ၅၆၄။ နေရင်းသျှ၊ ၁၊ ၂၉၃။ ပဒုတ္တ၊ ၁၊ ၄၄၅)။ ပါဌာနုသာရီဖြစ်၍ သင့်လျော်သလို အမှတ်ပေးရန်။**
**မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။**

၈။ အထ ဝါ ဟိတေ ပဝတ္တနေန, အဟိတာ စ နိဝတ္တနေန သတ္တာနံ ဘယံ ဟိံသတိ ဗုဒ္ဓေါ, ဘဝကန္တာရာ ဥတ္တာရဏေန, အဿာသဒါနေန စ ဓမ္မော၊ အပ္ပကာနမ္ပိ ကာရာနံ ဝိပုလဖလပဋိလာဘကရဏေန သံဃော-ကို လိုက်သင့်သောပုဒ်များ လိုက်စေလျက် ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) အထ- အပရော၊ တစ်ပါးသော။ နယော၊ နည်းကို။ ဝါ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဟိတေ၊ အစီးအပွား၌။ ပဝတ္တနေန စ၊ ဖြစ်စေခြင်းဖြင့်လည်းကောင်း။ အဟိတာ၊ အစီးအပွားမဲ့မှ။ နိဝတ္တနေန စ၊ နစ်စေခြင်းဖြင့်လည်းကောင်း။ **သတ္တာနံ၊ သတ္တဝါတို့၏။ ဘယံ၊ ဘေးကို။ ဟိံသတိ၊ ညှဉ်းဆဲနှိပ်စက်တတ်၏။** ဓမ္မော၊ တရားတော်သည်။ ဘဝကန္တာရာ၊ ဘဝတည်းဟူသော ခရီးခဲမှ။ ဥတ္တာရဏေန စ၊ ထုတ်ဆောင်ကယ်တင် ခြင်းဖြင့်လည်းကောင်း။ အဿာသဒါနေန စ၊ သက်သာခွင့်ကို ပေးခြင်းဖြင့်

လည်းကောင်း။ သတ္တာနံ၊ သတ္တ၀ါတို့၏။ ဘယံ၊ ဘေးကို။ ဟီသတိ၊ ညှဉ်းဆဲနှိပ်စက်တတ်၏။ သယော၊ သံဃာတော်သည်။ အပ္ပကာနံ၊ အနည်းငယ်ကုန်သော။ ကာရာနံပိ၊ ဒါနပူဇနတို့၏ အစွမ်းအားဖြင့် ရှေးရှု ဆောင်အပ်သော ကောင်းစွာပြုအပ်သော ကောင်းမှုတို့၏လည်း။ ဝိပုလဖလပဋိလာဘကရဏေန၊ ပြန့်ပြော သောအကျိုးကို ရခြင်းကိုပြုခြင်းဖြင့်။ **သတ္တာနံ၊ သတ္တ၀ါတို့၏။ ဘယံ၊ ဘေးကို၊ ဟီသတိ၊ ညှဉ်းဆဲနှိပ်စက် တတ်၏။ (လိုက်ပုဒ် ၄-မှတ်၊ ကြွင်း ၆-မှတ်)။ (ဋ္ဌ၊ ၂၀၆၊ ပခုက္ကူ၊ ၂၈၁၊ ၂၈၂။ နေရင်း၊ ၂၊ ၂၃၁။ ဘာဋီ၊ ၃၊ ၂၃၄)။ မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။**

၉။ **ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသူတိ ယထာ ခမနီယာဒီနိ ပုစ္ဆန္တော ဘဂဝါ တေဟိ, ဧဝံ တေပိ ဘဂဝတာ** သဒ္ဓိံ သမပ္ပဝတ္တမောဒါ အဟေသုံ-ကို ပါဌာနုသာရီနည်းအားဖြင့် ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) **ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသူတိ၊ ဘဂဝတာ သဒ္ဓိံ သမ္မောဒိံသု**-ဟူသည်ကား။ ခမနီယာဒီနိ၊ ခမနီယ အစရှိသည်တို့ကို (ခန့်ကျန်းခြင်းအစရှိသည်တို့ကို)။ ပုစ္ဆန္တော၊ မေးတော်မူလျက်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေဟိ-မာဏဝကေဟိ၊ ထိုလုလင်တို့နှင့်။ (သဒ္ဓိံ၊ တကွ။ သမပ္ပဝတ္တမောဒေါ၊ အညီအမျှဖြစ်သော ဝမ်း မြောက်ခြင်း (ရောနှောခြင်း)ရှိသည်။) ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ- တထာ၊ ထို့အတူ။ တေပိ မာဏဝကာ၊ ထိုလုလင်တို့သည်လည်း။ ဘဂဝတာ၊ မြတ်စွာဘုရားနှင့်။ သဒ္ဓိံ၊ တကွ။ သမပ္ပဝတ္တမောဒါ၊ အညီအမျှဖြစ်သော ဝမ်းမြောက်ခြင်း (ရောနှောခြင်း)ရှိကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ **(၁၀-မှတ်)။ (ဋ္ဌ၊ ၂၂၅၊ ဘာဋီ၊ ၃၊ ၃၅၂၊ ပခုက္ကူ၊ ၂၊ ၃၆၂)။ ပါဌာနုသာရီဖြစ်၍ သင့်လျော်သလို အမှတ်ပေးရန်။ မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။**

၁၀။ ဒါနံ ဒေန္တေန နာမ ဧကေန ပဏ္ဍိတေန သဒ္ဓိံ မန္တေတွာ ဒါတုံ ဝဋ္ဋတိ၊ အနာမန္တေတွာ ကတကမ္မဉ္စ ပစ္ဆာနုတာပံ ကရောတိ-ကို ဝါကျပရိဝတ္တနနည်းအားဖြင့် ကျနစွာ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) ဒါနံ၊ အလှူကို။ ဒေန္တေန၊ ပေးသော။ ပုဂ္ဂလေန နာမ၊ ပုဂ္ဂိုလ်မည်သည်။ ဧကေန၊ တစ်စုံတစ်ယောက်သော။ ပဏ္ဍိတေန၊ ပညာရှိဖြစ်သော။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ မန္တေတွာ၊ တိုင်ပင်၍။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ (ဖလ) (၂-မှတ်)

ကသ္မာ၊ အဘယ့်ကြောင့်။ ဒါနံ၊ အလှူကို။ ဒေန္တေန၊ ပေးသော။ ပုဂ္ဂလေန နာမ၊ ပုဂ္ဂိုလ်မည်သည်။ ဧကေန၊ တစ်စုံတစ်ယောက်သော။ ပဏ္ဍိတေန၊ ပညာရှိဖြစ်သော။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ။ မန္တေတွာ၊ တိုင်ပင်၍။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သနည်း။ (ဖလပုစ္ဆာ) (၃-မှတ်)

ဟိ- ယသ္မာ၊ အကြင့်ကြောင့်။ အနာမန္တေတွာ၊ မတိုင်ပင်မူ၍။ ကတကမ္မံ၊ ပြုအပ်သောအမှုသည်။ ပစ္ဆာနုတာ ပံ၊ နောင်တတဖန်ပူပန်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ (ကာရဏ) (၃-မှတ်)

တသ္မာ၊ ထို့ကြောင့်။ ဒါနံ၊ အလှူကို။ ဒေန္တေန၊ ပေးသော၊ ပုဂ္ဂလေန နာမ၊ ပုဂ္ဂိုလ်မည်သည်။ ဧကေန၊ တစ်စုံတစ်ယောက်သော။ ပဏ္ဍိတေန၊ ပညာရှိဖြစ်သော။ ပုဂ္ဂလေန၊ ပုဂ္ဂိုလ်နှင့်။ သဒ္ဓိံ၊ တကွ၊ မန္တေတွာ၊ တိုင်ပင်၍။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ **(ဖလဝိသဇ္ဇနာ) (၂-မှတ်) (နည်းမှန်/အနက်မှန်လျှင် ၁၀-မှတ်၊ နည်းမှား/ အနက်မှန်လျှင် ၅-မှတ်)။ (ဋ္ဌ၊ ၂၆၄။ ပခုက္ကူ၊ ၂၊ ၄၇၃၊ ၄၇၄။ ဘာဋီ၊ ၄၊ ၁၀)။ မည်သည့်နိသျဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဓမ္မာစရိယစာမေးပွဲ

**စာစုတန်းရှိုးရှိုး ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ(ဒုတိယနေ့)**

၁၃၇၃-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက် (၅-၄-၂၀၁၂) ကြာသပတေးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန်အချက်။ ။စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွါရန်)

* * * * * * * * * * * * *

စာချတန်းရိုးရိုး

(က) ဝိဝရိ ဘဂဝါ ဒွါရန္တိ န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ၊

(ခ) "ဝိဝရတူ"တိ ပန ဟတ္ထံ ပသာရေသိ။

(ဂ) တတော "ဘဂဝါ တုမှေဟိ အနေကာသု ကပ္ပကောဋီသု ဒါနံ ဒဒမာနေဟိ န သဟတ္ထာ ဒွါရဝိဝရဏကမ္မံ ကတ"န္တိ သယမေဝ ဒွါရံ ဝိဝရိ။

(ဃ) တံ ပန ယသ္မာ ဘဂဝတော မနေန ဝိဝဋံ၊ တသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝတ္တုံ ဝဋ္ဋတိ။ (ဒီ၊ဋ္ဌ၊၁၊၂၂၅)

၁။ (မေး) (ဂ)ဝါကျကို တ-သဗ္ဗနာမ်အစွဲ မှန်ကန်စေပြီးလျှင် ဒဒမာနေဟိ-၌ ဝိသေသနတ္ထ, လက္ခဏတ္ထ ထင်ရှားစေလျက် အနက်ယောဇနာပါ။

(ဖြေ) (တတော- ထိုသို့မြတ်စွာဘုရား၏လက်တော်ဆန့်တန်းတော်မူသည်၏အဖြစ်ကြောင့်။ *၂-မှတ်။*) "ဘဂဝါ- မြတ်စွာဘုရား။ အနေကာသု- များစွာကုန်သော။ ကပ္ပကောဋီသု- ကမ္ဘာတို့၏ ကုဋေတို့၌။ ဒါနံ- အလှူကို။ (ဒဒမာနေဟိ- ပေးလှူကုန်သော။ တုမှေဟိ- အရှင်ဘုရားတို့သည်။ ဝိသေသနတ္ထ။ *၂-မှတ်*) ((တစ်နည်း) တုမှေဟိ- အရှင်ဘုရားတို့သည်။ဒဒမာနေဟိ-ပေးလှူကုန်သည်ရှိသော်။(လက္ခဏတ္ထ) *၂-မှတ်။)* သဟတ္ထာ- မိမိ လက်ဖြင့်။ ဒွါရဝိဝရဏကမ္မံ- တံခါးဖွင့်မှုကို။ (တံခါးဖွင့်ကြောင်းကံကို)။ န ကတံ- မပြုအပ်"။ ဣတိ- ဤသို့။ ဝဒန္တံ ဝိယ-မဆိုသော်လည်းဆိုသကဲ့သို့။ ဟုတ္ဂာ- ဖြစ်၍။ သယမေဝ- မိမိအလိုလိုသာလျှင်။ ဒွါရံ- တံခါးသည်။ ဝိဝဋံ- ပွင့်ပြီ။ *ကျန် ၄-မှတ်။*

မှတ်ချက်။ ။ ဣတိ-နောက်၌ "ဝဒန္တံ ဝိယ ဟုတွာ"မပါလျှင်လည်း အမှတ်ပေးပါ။

၂။ (မေး) (ဃ)ဝါကျသို့ လီနတ္ထရစောဒနာနည်းဖြင့် ကျမ်းတက်ပြပါ။

(ဖြေ) (ဃ)ဝါကျသို့ လီနတ္ထရစောဒနာတက်။

အဋ္ဌကထာဆရာ၊ သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌ "ဝိဝရိ ဘဂဝါ ဒွါရံ" ဟု ဟောတော်မူ၏။ *၃-မှတ်။*

"ဝိဝရိ သယမေဝ ဒွါရံ"ဟု ဟောတော်မူသင့်သည်မဟုတ်ပါလော။ *၃-မှတ်။*

ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် "ဝိဝရိ ဘဂဝါ ဒွါရံ"ဟု ဟောတော်မူပါသနည်း။? ဤသို့ စောဒနာဖွယ်ရှိ၍ (ဃ)ဝါကျကိုမိန့်။ *၃-မှတ်။*

အဓိပ္ပါယ်ကား- သင်္ဂါယနာတင်မထေရ်တို့သည် ပါဠိတော်၌"ဝိဝရိ သယမေဝ ဒွါရံ" ဟု ဟောတော်မူသင့်ပါသော်လည်း ထိုတံခါးသည် မြတ်စွာဘုရား၏ စိတ်တော်ဖြင့် ပွင့်တော်မူသောကြောင့် "ဝိဝရိ ဘဂဝါ ဒွါရံ"ဟု ဟောခြင်းငှါသင့်၏-ဟူလို။ ၁-မှတ်။

မှတ်ချက်။ ။သင်္ဂါယနာတင်မထေရ်တို့နေရာ၌ "မြတ်စွာဘုရား"ကို ကတ္တားထားပြီး ဖြေခဲ့လျှင်လည်း အမှတ်ပေးပါ။

၃။ (မေး) (က)(ခ)ဝါကျတို့ကို ရှု၍ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

(ဖြေ) (က) နနု န ဘဂဝါ ဥဋ္ဌာယ ဒွါရံ ဝိဝရိ။ (စောဒကာဘောဂ) ၃-မှတ်။
(ခ) အထ ကသ္မာ "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝုတ္တံ။ (စောဒနာ) ၂-မှတ်။
(ဂ) ယသ္မာ "ဝိဝရတူ"တိ ဟတ္ထံ ပသာရေသိ၊ တသ္မာ(ပရိဟာရာဘောဂ) ၃-မှတ်။
(ဃ) "ဝိဝရိ ဘဂဝါ ဒွါရ"န္တိ ဝုတ္တံ။ (ပရိဟာရ) ၂-မှတ်။

၄။ (မေး) (ဂ)ဝါကျ၌ "ဒဒမာနေဟိ"ကို အဘိဓေယျတ္ထမျှော်၍ ဝိဂ္ဂဟပြုပြီးလျှင် ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထ-တို့ကိုသာ ထုတ်ပြပါ။

(ဖြေ) ဒဒါတာတိ ဒဒမာနော။ (ဒေထာတိ ဒဒမာနာ)။ ၄-မှတ်။
(က) ပေးလှူခြင်းကြိယာသကတ်သည် ဝစနဟေတု။ ၂-မှတ်။
(ခ) ဘုရားရှင်ဒြပ်တော်သည် ဝစနီယ။ ၂-မှတ်။
(ဂ) ဒဒန္တာ-စသောပရိယာယ်သဒ္ဒါတို့သည် ဝစနီယတ္ထ။ ၂-မှတ်။

၅။ (မေး) (ဂ)ဝါကျ၌ ကတံ-ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် အနက်အားလျော်စွာ စာစပ်ပြပါ။

(ဖြေ) ကတံ-ကို ကတတ္တာ-ဟု ဟိတ်ပြင်။ ၃-မှတ်။
ဒွါရဝိဝရဏကမ္မဿ-ဟု သမ္ဗန်ခံ။ ၃-မှတ်။
(စာစပ်) ဒွါရဝိဝရဏကမ္မဿ-ကား ကို-ဟူ၍ အနက်ပေးသောကြောင့် ကတတ္တာ-ဝယ် ကတဟူသော ဘာဝယောဂပုဒ်၌ ကမ္မ၊ ၁-မှတ်။
ကတ-ဟူသော ဘာဝယောဂပုဒ်ကား ကမ္မီ။ ၁-မှတ်။
ဒွါရဝိဝရဏကမ္မဿ-ကား ၏-ဟူ၍ အနက်ပေးသောကြောင့်
ကတတ္တာ-ဝယ် တ္တ-ပစ္စည်း၌ သမ္ဗန်၊ ၁-မှတ်။
တ္တ-ပစ္စည်းကား သမ္ဗန္ဓီ။ ၁-မှတ်။

၆။ (မေး) (က) အဘိညာတကောလညောတိ ပါကဋကုလဇော၊ (ခ) အဂရှုတိ အဘာရိကော-တို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကို သံဝဏ္ဏနာအမည်များနှင့် တွဲစပ်ဖော်ပြပါ။

(ဖြေ) (က) ပါကဋကုလဇော-ဖြင့် အဘိညာတကောလညော-၌ အဘိညာတသဒ္ဒါ၏ ပါကဋအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (နာမလိင်္ဂတ္ထသံဝဏ္ဏနာ)။ ၃-မှတ်။

"အဘိညာတကုလေ ဇာတော အဘိညာတကောလညော"ဟု ဇာတတဒ္ဓိတ် ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ (အဘိဓာနတ္ထသံဝဏ္ဏနာ)။ ၃-မှတ်။

ဏျပစ္စည်း၏ ဇာတအနက်၌သက်သည်၏အဖြစ်ကိုလည်းကောင်း၊ (ပစ္စယတ္ထသံဝဏ္ဏနာ) သိစေပါသည်။ ၂-မှတ်။

(ခ) အဘာရိကော-ဖြင့် အဂရု-၌ ဂရုသဒ္ဒါသည် အလဟုက(မပေါ့မပါးလေးလံသောဝတ္ထု) ဟူသော အနက်ကို ဟောသည်၏အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထသံဝဏ္ဏနာ)။ ၂-မှတ်။

၇။ (မေး) ဒွါရ၊ ဟတ္ထ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို နှစ်နည်းစီ ဖော်ပြပါ။

(ဖြေ) ဒွါရ-သည် ဒွိ+အရ-ဟု ဆိုလိုလျက် ဣကိုချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်း၊ အ-ကို အာပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်းတို့ဖြင့် ဒွါရ-ဟု ပြီးသည်။ ၃-မှတ်။

(တစ်နည်း) ဒု+ဝါရ-ဟု ဆိုလိုလျက် ဥ-ကိုချေခြင်း ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ဒွါရ-ဟု ပြီးသည်။ ၂-မှတ်။

ဟတ္ထ-သည် ဟရဓာတ်+ထပစ္စည်းဖြင့် ဟရထ-ဟု ဆိုလိုလျက် ရ-ကိုချေခြင်း ဝဏ္ဏလောပ-နိရုတ္တိနည်း, တ-လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းတို့ဖြင့် ဟတ္ထ-ဟု ပြီးသည်။ ၃-မှတ်။

(တစ်နည်း) ဟသဓာတ်+ထပစ္စည်းဖြင့် ဟသထ-ဟုဆိုလိုလျက် သ-ကို ချေခြင်း ဝဏ္ဏလောပ-နိရုတ္တိ နည်း, တ-လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းတို့ဖြင့် ဟတ္ထ-ဟု ပြီးသည်၊ ၂-မှတ်။

၈။ (မေး) "ဣဒံ ဒွါရကောဋ္ဌကနဝတ္ထုံ"၌ တံခါးခေါက်ခြင်း၏ ကျင့်ဝတ်ကို အဋ္ဌကထာလာသည့်အတိုင်း ပြည့်စုံအောင် ဖြေဆိုပါ။

(ဖြေ) နတ်ဘီလူးတို့သည် အလွန်အထက်ကျသောအရပ်၌ တံခါးခေါက်ကြကုန်၏။
ကျောက်ကုန်းရှည်မျိုးဖြစ်သောမြွေနဂါးတို့သည် အလွန်အောက်ကျသောအရပ်၌ တံခါးခေါက်ကြကုန်၏။
ထိုအခြင်းအရာအားဖြင့် မခေါက်မူ၍ အလယ်၌ သံကောက်ပေါက်၏အနီး၌ ခေါက်ရမည်။ ၁၀-မှတ်။

၉။ (မေး) (ယ)ဝါကျကို အဓိပ္ပါယ်မပျက်စေမူ၍ ဝတ္တမျိုးဂါထာ သီကုံးပြီး ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

(ဖြေ) ယသ္မာ ဗုဒ္ဓဿ စိတ္တေန၊ ဒွါရံ ဝိဝရိ တ ပန။
တသ္မာ ဝဋ္ဋတိ ဝတ္တုန္တိ ၊ ဒွါရံ ဝိဝရိ စက္ခုမာ။ ၆-မှတ်။
ပထျာဝတ္တဂါထာ။ ၂-မှတ်။
အနုဋ္ဌုဘဆန်း။ ၂-မှတ်။

မှတ်ချက်။ ။အစတစ်လုံးနောင် သ,နရှောင်ခြင်း၊ သဒ္ဒါအနေအထားမှန်ခြင်း၊ ရှစ်လုံးဖွဲ့ဖြစ်ခြင်း၊ ဤအင်္ဂါသုံးရပ်နှင့်ညီက သာမညဂါထာဖြစ်သော်လည်း (၃-မှတ်)ပေးပါ။

၁၀။ (မေး) (ခ)ဝါကျရှိ ဟတ္ထံ ပသာရေသိ-၌ ကြိယာပုဒ်၏အရတရားကို ကိုယ်ပြု၍ ဘာဝါလက်ာရ ထုတ်ပြပါ။

(ဖြေ) ဘာဝလင်္ကာရထုတ်ပုံ

ဘုရားရှင်၏ လက်တော်ကို ဆန့်တန်းသောအခြင်းအရာအားဖြင့်ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တဇုပ္ပါဒ် သည် ဥဿာဟဋ္ဌာယီဘာဝ၊ ဝီရရသ။ ၃-မှတ်။

တံခါးသည် အာလမ္ဗဏဝိဘာဝ။ ၂-မှတ်။

အမ္ဗဋ္ဌလုလင်၏ ဘုရားရှင်ထံသို့ လာရောက်ခြင်း၊ ရဟန်းတော်တို့က လမ်းညွှန်ခြင်း၊ လမ်းညွှန်သည့်အတိုင်း အမ္ဗဋ္ဌလုလင်က တံခါးခေါက်ခြင်းတို့သည် ဥဒ္ဒီပနဝိဘာဝ။ ၃-မှတ်။

အမ္ဗဋ္ဌလုလင်နှင့်တကွ ကျန်လုလင်များ ကျောင်းအတွင်းသို့ ရောက်ခြင်း၊ ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ စကားတို့ကို ပြောဆိုခြင်း၊ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေခြင်း စသည်တို့သည် အနုဘာဝ။ ၂-မှတ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဓမ္မာစရိယစာမေးပွဲ
စာစစ်တန်းရှိုးရှိုး ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(ဒုတိယနေ့)
၁၃၇၄-ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက် (၁-၄-၂၀၁၃) တနင်္လာနေ့

---

**စာချတန်းရိုးရိုး**

(က) **အာလောကသညီတိ** ရတ္တိမ္ပိ ဒိဝါပိ ဒိဋ္ဌာလောကသဍ္ဍာနနသမတ္တာယ ဝိဂတနီဝရဏာယ ပရိသုဒ္ဓါယ သညာယ သမန္နာဂတော။
(ခ) **သတော သမ္ပဇာနောတိ** သတိယာ စ ဉာဏေန စ သမန္နာဂတော။
(ဂ) ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရတ္တာ ဝုတ္တံ။
(ဃ) **တိဏ္ဏဝိစိကိစ္ဆောတိ** ဝိစိကိစ္ဆံ တရိတွာ အတိက္ကမိတွာ ဌိတော။

၁။ (မေး) (က)ဝါကျကို စပ်ရာပုဒ်များ ထည့်၍လည်းကောင်း၊ (ဂ)ဝါကျကို သမ္ဗန်နှင့် ကတ္တားထည့်၍ လည်းကောင်း အနက်ယောဇနာခဲ့ပါ။

(ဖြေ) (က) **အာလောကသညီတိ**- အာလောကသညီဟူသည်ကား။ ရတ္တိမ္ပိ- ညဉ့်၌လည်းကောင်း။ ဒိဝါပိ- နေ့၌ လည်းကောင်း။ ဒိဋ္ဌာလောကသဍ္ဍာနနသမတ္တာယ- မြင်အပ်ပြီးသော အရောင်အလင်းကို ကောင်းစွာမှတ်ခြင်းငှါစွမ်းနိုင်သော။ ဝိဂတနီဝရဏာယ- ကင်းပြီးသောနီဝရဏရှိသော။ ပရိသုဒ္ဓါယ- ထက်ဝန်းကျင်မှစင်ကြယ်သော။ သညာယ- သညာနှင့်။ သမန္နာဂတော- ပြည့်စုံသည်။ **၃-မှတ်။**
ဟုတွာ- ဖြစ်၍။ ဝိဟရတိ- နေ၏။ (စပ်ပုဒ်ထည့်။) **၂-မှတ်။**
(ဂ) ဣဒံ ဥဘယံ- ဤနှစ်ပါးစုံသော သတိ,သမ္ပဇညကို။ **ဣမသ ဥဘယဿ**- ဤနှစ်ပါးစုံသော သတိ, သမ္ပဇည၏(သမ္ဗန်)။ အာလောကသညာယ- အာလောကသညာအား။ (ဝါ) အရောင်အလင်းကို သိမှတ်တတ်သောသညာအား။ ဥပကာရတ္တာ- ကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့်။ ဘဂဝတာ- မြတ်စွာဘုရား သည်(ကတ္တား)။ ဝုတ္တံ- ဟောတော်မူအပ်ပြီ။ (ဒီဋ္ဌ၁၊၁၈၉၊ သီဋီသစ်၂၊ ၁၂၆။ ကူနိသျ၊၂။ ၂၂၃၊-၄) **သမ္ဗန် ၁-မှတ်၊ ကတ္တား ၁-မှတ်၊ ကြွင်း ၃-မှတ်။**

၂။ (မေး) (ဂ)ဝါကျကို သာဘောဂပုစ္ဆာနည်းအားဖြင့် ကျမ်းတက်ပြခဲ့ပါ။

(ဖြေ) ဆရာ၊ မြတ်စွာဘုရားသည်၊ ထိနမိဒ္ဓကို ပယ်ပုံကို ပြဆိုသောအရာ၌ "သတော သမ္ပဇာနော" ဟု သတိ,ပညာနှစ်ပါးကို ထည့်သွင်းဟောကြားတော်မူခဲ့ပါ၏။ **၃-မှတ်။**
ဤထိနမိဒ္ဓကိုပယ်ရာ၌ ဝိရိယ,သမာဓိစသော အခြားသောတရားများလည်း ရှိကုန်သည် မဟုတ်ပါလော။ **၃-မှတ်။**
ထိုသို့ရှိပါလျက် အဘယ့်ကြောင့် "သတော သမ္ပဇာနော"ဟု သတိ,ပညာနှစ်ပါးကိုသာ ထည့်သွင်း၍ ဟောကြားတော်မူပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ)ဝါကျကိုမိန့်။ **၂-မှတ်။**

အဓိပ္ပါယ်ကား။ ။(ဂ)ဝါကျဖြင့် သတိ,ပညာနှစ်ပါးသည် အာလောကသညာအား ကျေးဇူးပြု တတ်သောကြောင့် ဟောတော်မူ၏ဟု သတိ,ပညာနှစ်ပါးကို ဟောတော်မူခြင်းအကြောင်းကို ငါပြဆို၏ ဟူလိုသော်။ ၂-မှတ်။

**(တစ်နည်း)** ဆရာ၊ မြတ်စွာဘုရားသည်၊ ထိနမိဒ္ဓကို ပယ်ပုံကို ပြဆိုသောအရာ၌ "သတော သမ္ပဇာနော" ဟု သတိ,ပညာနှစ်ပါးကို ထည့်သွင်းဟောကြားတော်မူခဲ့ပါ၏။

ဝိဂတာဘိဇ္ဈစသောတရားတို့၌လည်း သတိ,ပညာနှစ်ပါး ရှိသည်မဟုတ်ပါလော။

အဘယ့်ကြောင့် ဝိဂတာဘိဇ္ဈစသောတရားတို့၌ ဤသတိ,ပညာနှစ်ပါးကို ဟောတော်မမူဘဲ ဤထိန မိဒ္ဓကို ပယ်ပုံကို ပြသောအရာ၌သာ ဟောကြားတော်မူပါသနည်း။ ဤသို့ မေးဖွယ် ရှိသောကြောင့် (ဂ)ဝါကျ ကိုမိန့်။

အဓိပ္ပါယ်ကား။ ။(ဂ)ဝါကျဖြင့် ဤသတိ,ပညာနှစ်ပါးသည် ဝိဂတာဘိဇ္ဈစသည်တို့၌ ရှိပါသော်လည်း အာလောကသညာအား ကျေးဇူးပြုတတ်သောကြောင့် ဤထိနမိဒ္ဓကို ပယ်ပုံကို ပြဆိုသောအရာ၌သာ ဟောကြားတော်မူ၏ဟု ငါပြဆို၏ဟူလိုသော်။ (သီဋီသစ်၊ ၂။၁၂၆)

**မှတ်ချက်။** ။တနည်းနည်းမှန်က အမှတ်ပြည့်ပေးပါရန်။

၃။ **(မေး)** (ဂ)ဝါကျကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

**(ဖြေ)** (က) နနု အသေ ဝိရိယသမာဓိအာဒယော သန္တိ။ ၃-မှတ်။

(ခ) အထ ကသ္မာ ဣဒမေဝ ဥဘယံ ဝုတ္တံ။ ၂-မှတ်။

(ဂ) နနု ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရံ ဟောတိ။ ၃-မှတ်။

(ဃ) တသ္မာ ဣဒမေဝ ဥဘယံ ဝုတ္တံ။ (သီဋီသစ်၊ ၂။၁၂၆) ၂-မှတ်။

**(တစ်နည်း)** (က) နနု ဝိဂတာဘိဇ္ဈာဒီသုပိ ဣဒံ ဥဘယံ အတ္ထိ။

(ခ) အထ ကသ္မာ ဝိဂတာဘိဇ္ဈာဒီသု ဣဒံ ဥဘယံ အဝတွာ ဣဓေဝ ဝုတ္တံ။

(ဂ) နနု ဣဒံ ဥဘယံ အာလောကသညာယ ဥပကာရံ ဟောတိ။

(ဃ) တသ္မာ ဝိဂတာဘိဇ္ဈာဒီသု ဣဒံ ဥဘယံ အဝတွာ ဣဓေဝ ဝုတ္တံ။

**မှတ်ချက်။** ။တစ်နည်းနည်းမှန်လျှင် အမှတ်ပြည့်ပေးပါ။

၄။ **(မေး)** အာလောကသညီ-ကို အဖွင့်ကို ရှု၍ အစိတ်,အပေါင်းဝစနတ္ထပြပြီးလျှင် အပေါင်းဝစနတ္ထကိုသာ ဝစနာဒိ ဆက္ကထုတ်ခဲ့ပါ။

**(ဖြေ)** သဥ္ဇာနနံ သညာ။ အာလောကေ သညာ အာလောကသညာ။ ၂-မှတ်။

အာလောကသညာ ဧတဿ အတ္ထီတိ အာလောကသညီ။ ၂-မှတ်။

(၁) အာလောကသညီဟူသော ပုဒ်ပြီးနိပ္ဖန္နသဒ္ဒါသည် ဝစနမည်၏။

(၂) အာလောကသညာ ဧတဿ အတ္ထိဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

(၃) အာလောကသညာ၏ ရဟန်းဒြဗ်နှင့် ဂုဏ်, ဂုဏော အာရုံ, အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနဟေတုမည်၏။

(၄) ဣတိသဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။

(၅) ရဟန်းဒြဗ်သည် ဝစနီယမည်၏။

(၆) အာဘာသညီ၊ ပဘာသညီစသော ပရိယာယ်သဒ္ဒါတို့သည် ဝစနီယတ္ထမည်၏။ ၆-မှတ်။

၅။ **(မေး)** (ဃ)ဝါကျ၌ "ဠိတော"ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် အနက်အားလျော်စွာ စာစပ်ခဲ့ပါ။

**(ဖြေ)** ဌိတော-ကို ဌိတတ္တာဟု ဟိတ်ပြင်ရပါသည်။ **၃-မှတ်။**

သမ္ဗန်ကား "တဿ ဘိက္ခုနော"ဖြစ်ပါသည်။ **၃-မှတ်။**

တဿ ဘိက္ခုနောကား သည်ဟူ၍ အနက်ပေးသောကြောင့် ဌိတတ္တာဝယ် ဌိတဟူသော ဘာဝယောဂ ပုဒ်၌ ကတ္တား (တုလျတ်)၊ ဌိတဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ (လိင်္ဂတ်)။ **၂-မှတ်။**

(တစ်နည်း) တဿ ဘိက္ခုနောကား ၏ဟူ၍အနက်ပေးသောကြောင့် ဌိတတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန်၊ တ္တပစ္စည်းကား သမ္ဗန္ဓီ။ **၂-မှတ်။**

၆။ **(မေး)** (ခ)ဝါကျ၌ အဋ္ဌကထာဆရာ၏အာဘောဂကို ဖော်ပြ၍ သံဝဏ္ဏနာအမည်လည်း ပေးခဲ့ပါ။

**(ဖြေ)** သတိယာ သမန္နာဂတော-ဖြင့် သတော၌ သရ-ဓာတ်+တ-ပစ္စည်း၏အဖြစ်ကိုလည်းကောင်း (ဒုတိယ ဓာတုပဒ၊ ဒုတိယပစ္စယပဒ)။ ယင်း တ-ပစ္စည်း၏ ကတ္တားအနက်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊ (ဒုတိယပစ္စယတ္တ)။ "သရတီတိ သတော"ဟု ကတ္တုသာဓန ဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်းကောင်း (ဝိဂ္ဂဟ် ပြအဘိဓာနတ္ထ) သိစေပါသည်။ **၅-မှတ်။**

ဉာဏေန သမန္နာဂတော-ဖြင့် သမ္ပဇာနော၌ သံ,ပ-ပုဗ္ဗ ဉာဓာတ်၏အဖြစ်ကို လည်းကောင်း (ဒုတိယဓာတုပဒ)။ ယု-ပစ္စည်း၏ ကတ္တားအနက်၌ သက်သည်၏အဖြစ်ကို လည်းကောင်း (ဒုတိယ ပစ္စယတ္တ)။ "သမ္ပဇာနာတီတိ သမ္ပဇာနော"ဟု ကတ္တုသာဓန ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း (ဝိဂ္ဂဟ်ပြအဘိဓာနတ္ထ) သိစေပါသည်။ **၅-မှတ်။**

၇။ **(မေး)** ရတ္တိ၊ တိဏ္ဏ-တို့ကို နိရုတ္တိနည်းဖြင့် ရှုပ်ပြီးပြခဲ့ပါ။

**(ဖြေ)** ရတ္တိသည် ရန္ဇ-ဓာတ်+တိ-ပစ္စည်းဖြင့် ရန္ဇတိဟုနေလိုလျက် ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ဇ-ကိုချေ၊ ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် တ-လာ၍ ရတ္တိဟုပြီးပါသည်။ **၃-မှတ်။**

(တစ်နည်း) ရာ-ဓာတ်+တိ-ပစ္စည်းဖြင့် ရာတိဟုဆိုလိုလျက် ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် တဒွေ-ဘော်လာ၊ ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ရာ၌ အာ-ကို အ-ပြု၍ ရတ္တိဟုပြီးပါသည်။ **၃-မှတ်။**

တိဏ္ဏသည် တရ-ဓာတ်+တ-ပစ္စည်းဖြင့် "တရတ"ဟုဆိုလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် တ-ကို ဏ္ဏပြု၊ ဝဏ္ဏလောပနိရုတ္တိနည်းဖြင့် ရ-ကိုချေ၍ တိဏ္ဏဟုပြီးပါသည်။ **၄-မှတ်။**

၈။ **(မေး)** သမ္ပဇညအပြားလေးပါးကို အဓိပ္ပါယ်အကျဉ်းနှင့်တကွ ဖော်ပြခဲ့ပါ။

**(ဖြေ)** သမ္ပဇညအပြားလေးပါးကား- (၁) သာတ္ထကသမ္ပဇည (၂) သပ္ပါယသမ္ပဇည (၃) ဂေါစရသမ္ပဇည (၄) အသမ္မောဟသမ္ပဇညတို့ဖြစ်ပါသည်။ (ဒီ၊၄၊၁။၁၆၅) **၅-မှတ်။**

ထိုတွင် (၁) ရှေ့သို့သွားလိုသော စိတ်ဖြစ်သည်ရှိသော် စိတ်၏အလိုအားဖြင့် မသွားဘဲ အကျိုးရှိသည် မရှိသည်ကို စူးစမ်းဆင်ခြင်၍ အကျိုးရှိသည်ကို ပိုင်းခြား၍ယူခြင်းသည် သာတ္ထက သမ္ပဇညမည်၏။

(၂) ထိုသွားခြင်း၌ မိမိအား လျောက်ပတ်သည် မလျောက်ပတ်သည်ကို စူးစမ်းဆင်ခြင်၍ မိမိအား လျောက်ပတ်သည်ကိုသာ ပိုင်းခြား၍ယူခြင်းသည် သပ္ပါယသမ္ပဇညမည်၏။

(၃) သိမ်းဆည်းအပ်ပြီးသော သာတ္ထကသပ္ပါယရှိသောရဟန်း၏ ၃၈-ပါးသော ကမ္မဋ္ဌာန်း အာရုံတို့တွင် မိမိစိတ်ကြိုက်ဖြစ်သော ကမ္မဋ္ဌာန်းအာရုံကိုယူ၍ ဆွမ်းခံရွာ၌ ထိုကမ္မဋ္ဌာန်းအာရုံကို ယူ၍ သာလျှင် သွားခြင်းသည် ဂေါစရသမ္ပဇညမည်၏။

(၄) ရှေ့သို့သွားခြင်းစသည်တို့၌ မတွေဝေခြင်းသည် အသမ္မောဟသမ္ပဇညမည်၏။ ၅-မှတ်။

၉။ **(မေး)** (က)ဝါကျ၌ သံဝဏ္ဏနာပါဠိကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးဂါထာ စီကုံး၍ ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

**(ဖြေ)** ဒိဋ္ဌာလောကဿ သဗ္ဗာန- သမတ္တာယ ဒိဝါ အပိ။
ဝိနိဝရဏသုဒ္ဓါယ၊ ပုဗ္ဗော သညာယ ရတ္တိယံ။ ၆-မှတ်။

ပထျာဝတ္တဂါထာ အနုဋ္ဌုဘာဆန်းဖြစ်ပါသည်။

**ဂါထာအမည် ၂-မှတ်၊ ဆန်းအမည် ၂-မှတ်။**

**မှတ်ချက်။** ။အစတစ်လုံးနောင် သ,န ရှောင်၍ သဒ္ဒါအနေအထားမှန်ကန်လျှင်အမှတ်ပေးပါရန်။

၁၀။ **(မေး)** (ဂ)ဝါကျ "ဝုတ္တံ"၌ ဓာတ်အရတရားကို ကိုယ်ပြု၍ ဘာဝစသည် ထုတ်ပြခဲ့ပါ။

**(ဖြေ)** ဝုတ္တံ-၌ ဓာတ်အရ မြတ်စွာဘုရား၏ သန္တာန်၌ဖြစ်သော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။ ၂-မှတ်။

ထိုဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဋ္ဌာယီ-ဘာဝ, ဓမ္မသိင်္ဂါရရသမည်၏။ ၂-မှတ်။

"အာလောကသညီ သတော သမ္ပဇာနော"စသော မနသာဝဝတ္ထုပိတသဒ္ဒသည် အာရမ္မဏ ဝိဘာဝ မည်၏။ ၂-မှတ်။

အဇာတသတ်မင်းသည်လည်းကောင်း၊ အဇာတသတ်မင်း၏ သာမညဖလကို မေးလျှောက်ခြင်းသည်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ မဟာကရုဏာ ဉာဏ်စသည်တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝမည်၏။ ၂-မှတ်။

ရဟန်းပြုခြင်း၏ အကျိုးတရားများကို သိရခြင်း၊ အိပ်မက်ဆိုးများမမြင်မက်တော့ခြင်း၊ မြတ်စွာဘုရား၏ သာသနာတော်၌ အထူးသက်ဝင်ယုံကြည်ခြင်းစသော အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင်သော အကျိုးတရား အဆက်ဆက်သည် အနုဘာဝမည်၏။ ၂-မှတ်။

ဿဿ✡ဿဿ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဓမ္မာစရိယစာမေးပွဲ
### စာချတန်းရှိုးရှိုး ။သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ ဒုတိယနေ့)

၁၃၇၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁)ရက် (၃၁-၃-၂၀၁၄) တနင်္လာနေ့

---

### စာချတန်းရိုးရိုး

(က) ယထာ ပန ပိတ္တရောဂါတုရော မဓုသက္ကရာဒီသုပိ ဒိန္နေသု ပိတ္တရောဂါတုရတာယ တေသံ ရသံ န ဝိန္ဒတိ၊ "တိတ္တကံ တိတ္တက"န္တိ ဥဂ္ဂိရတိယေဝ။

(ခ) ဝေမေဝ ဗျာပန္နစိတ္တော ဟိတကာမေဟိ အာစရိယုပဇ္ဈာယေဟိ အပ္ပမတ္တကမ္ပိ ဩဝဒိယမာနော ဩဝါဒံ န ဂဏှာတိ။

(ဂ) "အတိ ဝိယ မေ တုမှေ ဥပဒ္ဒဝေထာ"တိ အာဒီနိ ဝတွာ ဝိဗ္ဘမတိ။

(ဃ) ပိတ္တရောဂါတုရတာယ သော ပုရိသော မဓုသက္ကရာဒီနံ ဝိယ ကောဓာတုရတာယ ဈာနသုခါဒိ-ဘေဒံ သာသနရသံ န ဝိန္ဒတီတိ ဇဝံ ရောဂေါ ဝိယ ဗျာပါဒေါ ဒဋ္ဌဗ္ဗော။

ဒီ၊၄၊၁။၁၉၁။ သီဋီသစ်၊၂။၁၂၉၊၁၃၀။ ဂဏ္ဍိ၊၃၈၇။ နေရင်း၊၂။၁၈၈။ ကူနီ၊၂။၂၂၉။ ဘာဋီ၊၃။၁၄၆။

၁။ (မေး) (ဃ) ဝါကျကို ဥပမာဥပမေယျ ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

(ဖြေ) (ဃ) ပိတ္တရောဂါတုရတာယ= သည်းခြေနာဖြင့်မကျန်းမာသည်၏အဖြစ်ကြောင့်။(ဝါ) သည်းခြေပျက် သောအနာနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။ သော ပုရိသော=ထို ယောက်ျားသည်။ မဓုသက္ကရာဒီနံ= ပျား,သကာအစရှိသောအာဟာရတို့၏။ ရသံ= အရသာကို။ န ဝိန္ဒတိ ဝိယ=မခံစားရသကဲ့သို့။ ၅-မှတ်။

တထာ= ထို့အတူ။ ဗျာပန္နစိတ္တော= ဖောက်ပြန်ခြင်းသို့ရောက်သောစိတ်ရှိသော။ သော ဘိက္ခု= သည်။ ကောဓာတုရတာယ= ကောဓဖြင့်မကျန်းမာသည်၏အဖြစ်ကြောင့်။ (ဝါ)ဒေါသနာ စွဲကပ်သည်၏ အဖြစ်ကြောင့်။ ဈာနသုခါဒိဘေဒံ=ဈာန်ချမ်းသာစသည်အပြားရှိသော။ သာသနရသံ= သာသနာတော်၏ အရသာကို။ န ဝိန္ဒတိ= မခံစားရ။ ဣတိဧဝံ= ဤသို့။ ရောဂေါ ဝိယ=ရောဂါကဲ့သို့။ ဗျာပါဒေါ=ဗျာပါဒကို။ ဒဋ္ဌဗ္ဗော=မှတ်အပ်၏။ ၅-မှတ်

၂။ (မေး) (ဂ) ဝါကျသို့ သာဘောဂါယုတ္တပုစ္ဆာနည်းအားဖြင့် ကျမ်းတက်ခဲ့ပါ။

(ဖြေ) အရှင်အဋ္ဌကထာဆရာ ဆရာသည် (ခ)ဝါကျဖြင့် ဖောက်ပြန်ခြင်းသို့ရောက်သော စိတ်ရှိသောရဟန်းသည် အစီးအပွါးကို အလိုရှိကုန်သော ဆရာဥပဇ္ဈာယ်တို့သည် အနည်းငယ်မျှကိုလည်း ဆုံးမအပ်သည်ရှိသော် အဆုံးအမကို မခံယူဟုဆိုတော်မူ၏။(ဌပနာ) ၂-မှတ်။

ထိုဖောက်ပြန်ခြင်းသို့ရောက်သော စိတ်ရှိသောရဟန်းသည် ဆရာဥပဇ္ဈာယ်တို့၏ အဆုံးအမကို မခံယူရုံမျှကိုသာ ပြုပါသလော။ (အာဘော်) ၃-မှတ်။

အဘယ်သို့ပြုပါသေးသနည်း။ (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားလိုသော အရှင် အဋ္ဌကထာဆရာသည် (ဂ)ဝါကျကိုမိန့်။ ၂-မှတ်။

အဓိပ္ပါယ်ကား- (ဂ)ဝါကျဖြင့် ထိုဖောက်ပြန်ခြင်းသို့ရောက်သော စိတ်ရှိသောရဟန်းသည် ဆရာ, ဥပဇ္ဈာယ်တို့၏ အဆုံးအမကို မခံယူရုံမျှကိုသာ ပြုသည်မဟုတ်၊ အရှင်ဘုရားတို့သည် တပည့်တော်ကို အလွန်နှိပ်စက်ခြင်းကို ပြုကုန်၏စသော စကားတို့ကို ပြောဆို၍ လူထွက်ခြင်းကိုလည်း ပြုကုန်သေး၏ဟု ငါပြဆို၏ဟုလိုသော်။ ၃-မှတ်။

၃။ **(မေး)** (ခ) ဝါကျကို စောဒကာဘောဂါဒိစတုက္က ထုတ်ဆောင်ခဲ့ပါ။

**(ဖြေ)** (က) နနု ဟိတကာမေဟိ အာစရိယုပဇ္ဈာယေဟိ အပ္ပမတ္တကမ္ပိ ဩဝဒီယမာနော ပေါတိ။ ၃-မှတ်။

(ခ) အထ ကသ္မာ ဩဝါဒံ န ဂဏှာတိ။ ၂-မှတ်။

(ဂ) နနု ဗျာပန္နစိတ္တော ဟောတိ။ ၃-မှတ်။

(ဃ) တသ္မာ ဩဝါဒံ န ဂဏှာတိ။ ၂-မှတ်။

၄။ **(မေး)** (ဃ) ဝါကျ၌ "သာသနရသံ"ပုဒ်ကို ဝိဂြိုဟ်ဆို၍ ဝစနာဒိဆက္က ထုတ်ခဲ့ပါ။

**(ဖြေ)** သာသနဿ ရသော သာသနရသော။

**(တနည်း)** သာသနမေဝ ရသော သာသနရသော။ (သီဋီသစ်၊၂။၁၃၀။) ၄-မှတ်။

**ပထမဝိဂ္ဂဟအလို ဝစနာဒိဆက္ကထုတ်ပုံ**

(က) "သာသနရသော"ဟူသော ပုဒ်ပြီးနိပ္ဖန္နသဒ္ဒါသည် ဝစနမည်၏။

(ခ) "သာသနဿ ရသော"ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

(ဂ) သာသနာတော်၏ ဈာန်ချမ်းသာစသောရသနှင့် သမ္ဗန် သမ္ဗန္ဓီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနပဝတ္တိနိမိတ်မည်၏။

(ဃ) ဆောင်၍သိအပ်သော "ဣတိ"သဒ္ဒါသည် ဝစနပဝတ္တိဇောတကမည်၏။

(င) ဈာန်ချမ်းသာစသော သာသနရသဖြစ်သည် ဝစနီယမည်၏။

(စ) ဇိနသာသနရသော၊ ဗုဒ္ဓသာသနရသော၊ ဈာနသုခါဒိကော စသည်သည် ဝစနီယတ္ထမည်၏။

တစ်ခုလျှင် ၁-မှတ်စီ၊ ၆-မှတ်။

**မှတ်ချက်။** ။ဝစနပဝတ္တိဇောတကမထုတ်သော်လည်း အမှတ်ပြည့်ပေးပါ။ **ဒုတိယဝိဂ္ဂဟအလို** "အဆုံးအမ၏ ရသနှင့် အဘေဒ ဘေဒအဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဝစနပဝတ္တိမည်၏။ အဆုံးအမတည်းဟူသော ရသသည် ဝစနီယမည်"ဟု ထုတ်ပါ။ ဝစနပဝတ္တိဇော တကချန် ကျန် ၃-ချက်ကို ရှေးနည်းအတိုင်းထုတ်ပါ။ ဤဒုတိယဝိဂြိုဟ်အလို ဝစနပဝတ္တိဇောတက ထုတ်ရန်မလိုပါ ဝိဂြိုဟ်အားလျော်စွာ ဆက္ကထုတ်နည်းမှန်လျှင် အမှတ်ပြည့်ပေးပါ။

၅။ **(မေး)** (က) ဝါကျ၌ "ပိတ္တရောဂါတုရတာယ"ဟိတ်ပုဒ်၏ သမ္ဗန်ကိုခံ၍ အနက်အားလျော်စွာ စာစပ်ခဲ့ပါ။

**(ဖြေ)** "ပိတ္တရောဂါတုရတာယ"ဟူသော ဟိတ်ပုဒ်၏ သမ္ဗန်ကို "ပိတ္တရောဂါတုရော"ဟူသော ကတ္တား ပုဒ်ကို "ပိတ္တရောဂါတုရဿ"ဟု ဆဋ္ဌီပြင်၍ ခံရပါသည်။ ၄-မှတ်။

"ပိတ္တရောဂါတုရဿ"ကား သည်ဟူ၍ အနက်ပေးသောကြောင့် "ပိတ္တရောဂါတုရတာယ"

ဝယ် "ဝိတ္တရောဂါတုရ"ဟူသော ဘာဝယောဂပုဒ်၌ ကတ္တား၊ "ဝိတ္တရောဂါတုရ"ဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ။

(တနည်း) "ဝိတ္တရောဂါတုရဿ"ကား ကိုဟူ၍အနက်ပေးသောကြောင့် "ဝိတ္တရောဂါတုရတာယ" ဝယ် "ဝိတ္တရောဂါတုရ"ဟူသောဘာဝယောဂပုဒ်၌ ကံ၊ "ဝိတ္တရောဂါတုရ"ဟူသော ဘာဝယောဂပုဒ်ကား ကမ္မိ။ ၃-မှတ်။

မှတ်ချက်။ ။နိသျဆရာတော်များအလို ကတ္တား,ကံ တစ်မျိုးမျိုးမှန်လျှင် အမှတ်ပြည့်ပေးပါ။ "ဝိတ္တရောဂါတုရဿ"ကား၏ဟူ၍အနက်ပေးသောကြောင့် "ဝိတ္တရောဂါတုရ-တာယ"ဝယ် "တာပစ္စည်း"၌ သမ္ဗန်၊ "တာပစ္စည်း"ကား သမ္ဗန္ဓီ။ ၃-မှတ်။

မှတ်ချက်။ ။"ဝိတ္တရောဂါတုရဿ"ကား သည်ဟူ၍အနက်ပေးသောကြောင့် "ဝိတ္တရောဂါတုရ-တာယ"ဝယ် "ဝိတ္တရောဂါတုရ"ဟူသော ဘာဝယောဂအန္တတ္တ၌ ဝါစ္စ,တုလျတ်,ကတ္တား၊ "ဝိတ္တရောဂါတုရ"ဟူသော ဘာဝယောဂအန္တတ္တကား ဝါစက,လိင်္ဂတ်,ကတ္တိ" ဟုလည်းကောင်း။

"ဝိတ္တရောဂါတုရဿ"ကား ၏ဟူ၍အနက်ပေးသောကြောင့် "ဝိတ္တရောဂါတုရတာယ"ဝယ် "တာ ပစ္စည်း"ဟူသော ဗာဟျတ္တ၌ သတ္တိမန္တ,သမ္ဗန်၊ "တာပစ္စည်း"ဟူသော ဗာဟျတ္တကား သတ္တိ,သမ္ဗန္ဓီ ဟုလည်း စပ်ကြသည်။ တနည်းနည်းမှန်လျှင်အမှတ်ပေးပါ။

၆။ (မေး) "အနတ္တာဓိနောတိ န အတ္တနိ အဓိနော၊ အတ္တနော ရုစိယာ ကိဉ္စိ ကာတုံ န လဘတိ"၌ အဌကထာဘောဂ နှင့်သံဝဏ္ဏနာကို ဖော်ပြခဲ့ပါ။

(ဖြေ) "န အတ္တနိ အဓိနော"ဖြင့် အနတ္တာဓိနော၌ အတ္တာဓိနောဟူသောအစိတ်ပုဒ်ကို "အတ္တနိ အဓိနော အတ္တာဓိနော"ဟု သတ္တမီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း၊ (ဝိဂြိုဟ်ပြ အဘိဓာနတ္ထသံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာ) အနတ္တာဓိနော-ဟူသော အပေါင်းပုဒ်ကို "န အတ္တာဓိနော အနတ္တာဓိနော"ဟု မိဿကတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း (ဝိဂြိုဟ်ပြအဘိ ဓာနတ္ထသံဝဏ္ဏနာ၊ သမာသလိင်္ဂတ္ထသံဝဏ္ဏနာ) သိစေပါသည်။

**အာဘော်တစ်ခု ၃-မှတ်စီ။**

"အတ္တနော ရုစိယာ ကိဉ္စိ ကာတုံ န လဘတိ"ဖြင့် အနတ္တာဓိနော၌ မိမိ၌စပ်သည်မဖြစ်ဟူသည် မိမိ၏အလိုအားဖြင့် တစ်စုံတစ်ခုကိုမျှ ပြုခြင်းငှါ မရခြင်းပင်တည်းဟုသိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) ၄-မှတ်။

၇။ (မေး) (ယ)ဝါကျ၌ ပိတ္တ၊ မဓုပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။

(ဖြေ) "ပိတ္တ"သည် အပိရှေ့ရှိသော ဓာ-ဓာတ်+တ-ပစ္စည်းဖြင့် "အပိဓာတ"ဟု နေလိုလျက် ဝဏ္ဏ လောပ နည်းဖြင့် အ-ကိုချေ၊ ဝဏ္ဏဝိကာရနည်းဖြင့် ဓ-ကို တ-ပြု၍ ပိတ္တဟုပြီးပါသည်။ ၅-မှတ်။

မဓုသည် မန-ဓာတ်+ဥ-ပစ္စည်းဖြင့် မနုဟုနေလိုလျက် ဝဏ္ဏဝိကာရနည်းဖြင့် န-ကို ဓ-ပြု၍ မဓုဟု ပြီးပါသည်။ ၅-မှတ်။

၈။ **(မေး)** သာမညဖလသုတ်တော်ကို ကြားနာရသဖြင့် အဇာတသတ်မင်းအား အကျိုးများစွာ ရရှိ၏ဟု အဋ္ဌကထာ ဆရာ မိန့်ဆိုထားရာ ထိုအကျိုးတို့တွင် အနာဂတ်အကျိုးမျှကိုသာ ဖော်ပြခဲ့ပါ။

**(ဖြေ)** သာမညဖလသုတ်တော်ကို ကြားနာရသဖြင့် အဇာတသတ်မင်းရရှိသော အနာဂတ်အကျိုးကား- ဝိဇိတာဝီအမည်ရှိသော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်ပြုလတံ့ဖြစ်ခြင်း ဖြစ်ပါသည်။

(ဒီ၊ဋ၊၁၊ ၂၁၂) **၁၀-မှတ်။**

၉။ **(မေး)** (ခ) (ဂ) ဝါကျတို့ကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုးဂါထာစီကုံး၍ ဂါထာအမည်လည်း ပေးခဲ့ပါ။

**(ဖြေ)** ဗျာပန္နမာနသော ဘိက္ခု၊ ဥပဋ္ဌာယေဟိ သာသိတော။

ဩဝါဒံ န စ ဂဏှာတိ၊ ဟီနာယ အတိဝတ္တတိ။ (ပထျာဝတ္တဂါထာ) **၈+၂-မှတ်။**

၁၀။ **(မေး)** (ခ)ဝါကျ၌ "န ဂဏှာတိ"အရကို ကိုယ်ပြု၍ ဘာဝါလက်ာရထုတ်ဆောင်ပြပါ။

**(ဖြေ)** (ခ)ဝါကျ၌ "န ဂဏှာတိ"အရ အဆုံးအမကို မနာယူသော ရဟန်း၏ သန္တာန်၌ဖြစ်သော ဒေါသပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ **၂-မှတ်။**

ယင်း အကုသိုလ်စိတ္တုပ္ပါဒ်သည် ကောဓဒ္ဓာယီဘာဝ, ရုဒ္ဒရသမည်၏ **၂-မှတ်။**

အစီးအပွါးကို အလိုရှိသော ဆရာဥပဇ္ဈာယ်တို့၏ အဆုံးအမဩဝါဒစကားသည် အာရမ္မဏဝိဘာဝမည်၏။ **၂-မှတ်။**

တပည့်ရဟန်း၏ အယောနိသောမနသိကာရစသည်သည် ဥဒ္ဒီပနဝိဘာဝမည်၏။ **၂-မှတ်။**

လူထွက်ခြင်း၊ ဈာန်ချမ်းသာစသော သာသနာတော်၏ ချမ်းသာသုခကို မခံစားရခြင်းစသည်သည် အနုဘာဝမည်၏။ **၂-မှတ်။**

ဿဿ✡ဿဿ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရိုးရိုး။ ။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၆-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက် (၂၉-၃-၂၀၁၅) တနင်္ဂနွေနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

..................................................

**စာစစ်တန်းရိုးရိုး**

(က) တတ္ထ မန္တေသူတိ တီသု ဝေဒေသု။

(ခ) တထာဂတော ကိရ ဥပ္ပန္နော့သုတိတိ ပဋိကစ္စေဝ သုဒ္ဓါဝါသာ ဒေဝါ ဝေဒေသု လက္ခဏာနိ ပက္ခိပိတွာ ဗုဒ္ဓမန္တာ နာမေတေတိ ဗြာဟ္မဏဝေသေနေဝ ဝေဒေ ဝါစေန္တိ တဒနုသာရေန မဟေသက္ခာ သတ္တာ တထာဂတံ ဇာနိဿန္တီတိ။

(ဂ) တေန ပုဗ္ဗေ ဝေဒေသု မဟာပုရိသလက္ခဏာနိ အာဂစ္ဆန္တိ။

(ဃ) ပရိနိဗ္ဗုတေ ပန တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ။ တေနေတရဟိ နတ္ထီတိ။

(င) မဟာပုရိသဿာတိ ပဏိဓိသမာဒါနဉာဏကရုဏာဒိဂုဏမဟတော ပုရိသဿ။

၁။ **(မေး)** အန္တရဓာယန္တိ-၏ ကတ္တားထည့်၍ (ဃ)ဝါကျကို အနက်ပေးပါ။

**(ဖြေ)** ပန၊ ဗျတိရိတ်ကား။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံတော်မူပြီးသော်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ (မဟာပုရိသလက္ခဏာနိ၊ မဟာပုရိသလက္ခဏာတို့သည်။) အန္တရဓာယန္တိ၊ ကွယ်ပျောက်ကုန်၏။ **(ကတ္တားထည့်-၃-မှတ်၊ ကျန် ၃-မှတ်)**
တေန၊ ထိုသို့ မဟာပုရိသလက္ခဏာတို့၏ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးရာအခါ၌ ကွယ်ပျောက်သည်၏ အဖြစ်ကြောင့်။ ဧတရဟိ၊ ယခုအခါ၌။ မဟာပုရိသလက္ခဏာနိ၊ မဟာပုရိသလက္ခဏာတို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ **(နိဿျမှန် ၄-မှတ်)**
(ပခုက္ကူနိသျ၊ ၂၊ ၃၅၀၊ ၁)၊ (နေရင်းနိသျ၊ ၂၊ ၂၇၉။)၊ (သီ၊ ဘာဋီ၊ ၃၊ ၃၂၇။)

၂။ **(မေး)** (ခ)ဝါကျကို အနုသန္ဓေ၊ (ဃ)ဝါကျကို သာဘောဂပ္ပစ္စာကျမ်းတက်ပြပါ။

**(ဖြေ)** (ခ) ဝါကျ အနုသန္ဓေတက်

ဤသို့ (က)ဝါကျဖြင့် ဗေဒင်သုံးပုံတို့၌။ ဝါ၊ ဝေဒကျမ်းတို့၌၊ (မဟာပုရိသလက္ခဏာများ) လာရှိကုန်၏ဟု ပြတော်မူပြီး၍။ **(၂-မှတ်)**

ယခုအခါ၌ လာပုံအခြင်းအရာအကျယ်ကို ပြခြင်းငှါအလိုရှိသော အဋ္ဌကထာဆရာသည် (ခ) ဝါကျကိုမိန့်။ **(၂-မှတ်)**

(ဃ) ဝါကျ သာဘောဂပုစ္ဆာတက်

အရှင်အဋ္ဌကထာဆရာ ဆရာသည် (ဂ)ဝါကျဖြင့် ရှေးအခါက ပေဒင်သုံးပုံတို့၏ မဟာပုရိသလက္ခဏာများ လာရှိကုန်၏ဟု ဖွင့်ပြတော်မူ၏။ **(၂-မှတ်)**

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ယခုအခါ ထင်ရှားရှိကြပါကုန်သလော။ အဘယ်သို့ မှတ်သားရပါသနည်း။ **(၂-မှတ်)**

ဤသို့မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေခြင်းငှါ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် (ဃ) ဝါကျကို မိန့်။ **(၁-မှတ်)**

**အဓိပ္ပါယ်ကား-** (ဃ) ဝါကျဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ယခုအခါ ထင်ရှားမရှိ ပျောက်ကွယ်သွားကြပါကုန်၏ ဟူလိုသော်။ **(၁-မှတ်)**

**မှတ်ချက်။** ။ဝါကျတက်အနေဖြင့် ကျမ်းတက်ပါက (၂) မှတ်သာ။

၃။ **(မေး)** (ဂ) (ဃ)ဝါကျတို့ကို ရှု၍ စောဒကာဘောဂါဒိစတုက္က ထုတ်ပြပါ။

**(ဖြေ)** နနု ပုဗ္ဗေ ဝေဒေသု မဟာပုရိသလက္ခဏာနိ အာဂစ္ဆန္တိ။ (စောဘော) **(၃-မှတ်)**

အထ ကသ္မာ ဧတရဟိ နတ္ထိ။ (စောဒနာ) **(၂-မှတ်)**

နနု ပရိနိဗ္ဗုတေ တထာဂတေ အနုက္ကမေန အန္တရဓာယန္တိ။ (ပရိဟာရာဘော) **(၃-မှတ်)**

တသ္မာ ဧတရဟိ နတ္ထိ။ (ပရိဟာရ) **(၂-မှတ်)**

၄။ **(မေး)** (င)ဝါကျရှိ သံဝဏ္ဏေတဗ္ဗပုဒ်ကို အဖွင့်နှင့်အညီ အစိတ်+အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဝစနာဒိဆက္က ဝေဖန်ပြပါ။

**(ဖြေ)** **ဝစနာဒိဆက္က**

မဟီယတေ ပူဇိယတေတိ မဟာ။

မာတာ ပိတူနံ ဟဒယံ ပူရေတီတိ ပုရိသော။

ပုရေ ဥစ္စေ ဌာနေ သေတီတိ ပုရိသော။

ပုံ ရိသတိ ဟိံသတီတိ ပုရိသော။ (ရူ ၆၈၃) **(၂-မှတ်)**

မဟန္တော ပုရိသော မဟာပုရိသော။ **(၂-မှတ်)**

မဟာပုရိသောဟူသော ပုဒ်ပြီး နိပ္ဖန္နသဒ္ဒါသည် ဝစနမည်၏။

မဟန္တော ပုရိသော ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

မြတ်သောဂုဏ်၏ ယောက်ျားဒြပ်နှင့် ဂုဏ်၊ ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

(ဆောင်ယူ၍သိအပ်သော) ဣတိသဒ္ဒါသည် ဝစနဟေတု ဇောတကမည်၏။

မြတ်သောယောက်ျားဒြပ်သည် ဝစနီယမည်၏။

မဟာပေါသော စသော ပရိယာယ် သဒ္ဒါတို့သည် ဝစနီယတ္ထမည်။ **(၆-မှတ်)**

**မှတ်ချက်။** ။ရှေ့ပုဒ်၏ အစိတ်ကိုဖြစ်စေ၊ နောက်ပုဒ်၏ အစိတ်ကိုဖြစ်စေ တစ်မျိုးသာဖြစ်စေ ဝိဂြိုဟ် ဆိုထား ပါက အမှတ်ပြည့်ပေးရန်။

၅။ **(မေး)** "အန္တရဓာယန္တိ"ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် အတ္ထာနုရူပ စာစပ်ပြပါ။

**(ဖြေ)** **သမ္ဗန်ခံစာစပ်**

အန္တရဓာယန္တိ ကို အန္တရဓာယန္တုတ္တာ ဟု ဟိတ်ပြင်ရပါသည်။ **(၃-မှတ်)**

ယင်း၏သမ္ဗန်ကား မဟာပုရိသလက္ခဏာနံ ဖြစ်ပါသည်။ **(၃-မှတ်)**

မဟာပုရိသလက္ခဏာနံ၊ ယောကျ်ားမြတ်တို့၏ လက္ခဏာတို့၏။ ဝါ၊ ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ သည်။ အန္တရဓာယန္တုတ္တာ၊ ကွယ်ပျောက်ကုန်သည်၏အဖြစ်ကြောင့်ဟု အနက်ပေး။ မဟာပုရိသလက္ခဏာနံ ကား တို့သည် ဟူ၍ အနက်ပေးသောကြောင့် အန္တရဓာယန္တုတ္တာဝယ် အန္တရဓာယန္တဟူသော ဘာဝယောဂပုဒ်၌ ကတ္တား (ဝါစ္စ)၊ (တုလျ)၊ အန္တရဓာယန္တဟူသော ဘာဝယောဂပုဒ်ကားကတ္တိ(ဝါစက)၊(လိင်္ဂ)။ **(၂-မှတ်)**

မဟာပုရိသလက္ခဏာနံ ကား တို့၏ ဟူ၍ အနက်ပေးသောကြောင့် အန္တရဓာယန္တုတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန် (သတ္တိမန္တ)၊ တ္တ ပစ္စည်းကား သမ္ဗန္ဓီ။ (သတ္တိ) **(၂-မှတ်)**

**မှတ်ချက်။** ။အနက်ပေးမပါကလည်း အမှတ်ပြည့်ပေးရန်။

၆။ **(မေး)** (က) (င) ဝါကျတို့ဝယ် အဌကထာဆရာ၏ အာဘော်ကိုဖော်ပြ၍ သံဝဏ္ဏနာအမည်ပေးပါ။

**(ဖြေ)** (က) **ဝါကျအာဘော်**

ဝေဒေသု-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မန္တသဒ္ဒါသည် ဝေဒအနက်ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

**တစ်နည်း။** ။ဝေဒသဒ္ဒါသည် မန္တသဒ္ဒါ၏ ပရိယာယ်အဖြစ်ကို သိစေပါသည်။ (ပရိယာယ်ပြ အဘိဓေယျ တ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

တီသု ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မန္တ-အရ ကို (ဣရု ယဇု သာမ) ဗေဒင်သုံးပုံ ယူရမည်၏ အဖြစ်ကို သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

(င) **ဝါကျအာဘော်**

မဟတော ပုရိသဿ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် မဟာပုရိသောပုဒ်ကို မဟန္တော ပုရိသော မဟာ-ပုရိသောဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏အဖြစ်ကို သိစေပါသည်။

(အဘိဓာနတ္ထ သံဝဏ္ဏနာ) (သမာသလိင်္ဂတ္ထသံဝဏ္ဏနာ)။ **(၂-မှတ်)**

ပဏိဓိသမာဒါနဉာဏကရုဏာဒိ-ဟူသော သံဝဏ္ဏနာဖြင့်-မဟတော-၌ မြတ်၏ဟူသည် သဗ္ဗညုတဉာဏ်ကို ပန်ဆင်ခြင်းဖြင့်လည်းကောင်း၊ ပါရမီတော်တို့ကို ကောင်းစွာဆောက်တည်ခြင်းဖြင့် လည်းကောင်း၊ ကမ္မဿကတာဉာဏ်အစရှိသောဉာဏ်ဖြင့်လည်းကောင်း၊ ကရုဏာအစရှိသော ဂုဏ်တို့ဖြင့်လည်းကောင်း မြတ်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။(ဘာဝတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

၇။ **(မေး)** မဟာပုရိသ၊ ပဏိဓိ-ပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။

**(ဖြေ)** **နိရုတ္တိနည်း**

မဟာပုရိသ-ကား မဟန္တပုဒ်၊ ပုရိသပုဒ်၊ မဟန္တပုရိသဟု နေလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် မဟန္တကို မဟာပြု၍ မဟာပုရိသော ဟု ရုပ်ပြီးပါသည်။ **(၅-မှတ်)**

ပဏိဓိ ကား ပ ပုဗ္ဗ နိပုဗ္ဗ ဓာ ဓာတ်၊ ဣပစ္စည်းဖြစ်၍ ပနိဓိဟု နေလိုလျက် ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် န-ကို ဏ-ပြု၍ ပဏိဓိဟု ရုပ်ပြီးပါသည်။ **(၅-မှတ်)**

၈။ **(မေး)** မျက်မှောက်ခေတ်ကာလ၌ ပျောက်ကွယ်သွားသော ဝေဒကျမ်းတို့ကို အကြောင်းပြ၍ ဖြေဆိုပါ။
**(ဖြေ)** **အဓိပ္ပါယ်**
မျက်မှောက်ခေတ်ကာလ၌ ပျောက်ကွယ်သွားသော ဗေဒင်ကျမ်းများမှာ ဗုဒ္ဓမန္တာန်နှင့်တကွ အခြားသော ဗေဒင်ကျမ်းများ ဖြစ်ပါသည်။ **(၅-မှတ်)**

**အကြောင်းကား။** ။ပုဏ္ဏားတွေ ဆောင်နိုင်သော ဉာဏ်စွမ်းဉာဏ်စ မရှိသောကြောင့်ဖြစ်ပါသည်။
(သီလက္ခန် ဋီကာ၊ ၂၉၂။) **(၅-မှတ်)**

၉။ **(မေး)** ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု-ကို **ဆန်းစစ်၍** ဂါထာအမည် ဆန်းအမည်ပေးပါ။

**(ဖြေ)** **ဆန်းစစ်**
ယံ ဒုန္နိမိတ္တံ စသော ဂါထာသည်
ပထမပါဒ, စတုတ္ထပါဒတို့၌ အဆုံးအက္ခရာကို ပါဒန္တဂရုယူ၍ လေးပါဒလုံး တ ဂိုဏ်း ၂-ခု၊ ဇဂိုဏ် ၁-ခု၊ ဂရု ဂရုတို့ဖြင့် ဖွဲ့စီထားသောကြောင့် ဣန္ဒဝဇိရာဂါထာ ဖြစ်ပါသည်။ **(၈-မှတ်)**
လေးပါဒလုံး (၁၁)လုံးစီ ဖွဲ့စီထားသောကြောင့် တိဋ္ဌုဘဆန်း ဖြစ်ပါသည်။ **(၂-မှတ်)**

၁၀။ **(မေး)** (င)ဝါကျရှိ "သမာဒါန"အရကောက်ပြ၍ ဘာဝစသည် ပြည့်စုံစွာ ထုတ်ပြပါ။
**(ဖြေ)** **သမာဒါန အရ**
ပါရမီတို့ကို ကောင်းစွာဆောက်တည်သော ဘုရားလောင်း၏ သန္တာန်၌ ဝီရိယပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ရ၏။ **(၂-မှတ်)**
ယင်းသည် ဥဿာဟဌာယီဘာဝ၊ ဝီရရသ။ **(၂-မှတ်)**
ပါရမီ(၁၀)ပါးသည် အာရမ္ဘဏဝိဘာဝ။ **(၂-မှတ်)**
ဘုရားလောင်း၏သန္တာန်၌ဖြစ်သော မဟာကရုဏာ၊သမ္မာဆန္ဒ စသည်တို့သည် ဥဒ္ဒီပန ဝိဘာဝ **(၂-မှတ်)**
ဘုရားအဖြစ်သို့ရောက်ရှိခြင်း၊ ဝေနေယျသတ္တဝါတို့ကို သံသရာဝဲဩဃ မှ ကယ်ထုတ်နိုင်ခြင်း စသော အကျိုး အဆက်ဆက်သည် အနုဘာဝမည်၏။ **(၂-မှတ်)**

**မှတ်ချက်။** ။သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ထုတ်၍ ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ ရေးခဲ့ပါကလည်း အမှတ်ပြည့်ပေးရန်။

ꩠꩠ☼ꩡꩡ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစဉ်တန်းရှိုးရှိုး ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ(ဒုတိယနေ့)**

၁၃၇၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက် (28-3-2016) တနင်္လာနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

........................................................

(က) ဣမိနာ ပန ဒွါဒသဝိဓေန ဣတရီတရပစ္စယသန္တောသေန သမန္နာဂတဿ ဘိက္ခုနော အဋ္ဌ ပရိက္ခာရာ ဝဋ္ဋန္တိ။ တီဏိ စီဝရာနိ ပတ္တော ဒန္တကဋ္ဌစ္ဆေဒနဝါသိ ဧကာ သူစိ ကာယဗန္ဓနံ ပရိဿာဝနန္တိ။

(ခ) ဝုတ္တမ္ပိ စေတံ

'တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။

ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော'တိ။

(ဂ) တေ သဗ္ဗေ ကာယပရိဟာရိကာပိ ဟောန္တိ ကုစ္ဆိပရိဟာရိကာပိ။

(ဃ) ကထံ-တိစီဝရံ တာဝ နိဝါသေတွာ စ ပါရုပိတွာ စ ဝိစရဏကာလေ ကာယံ ပရိဟရတိ ပေါသေတီတိ ကာယပရိဟာရိကံ ဟောတိ။

(င) စီဝရကဏ္ဏေန ဥဒကံ ပရိဿာဝေတွာ ပိဝနကာလေ ခါဒိတဗ္ဗဖလာဖလဂ္ဂဟဏကာလေ စ ကုစ္ဆိံ ပရိဟရတိ ပေါသေတီတိ ကုစ္ဆိပရိဟာရိကံ ဟောတိ။

၁။ **(မေး)** (ဃ) ဝါကျကို "ပဌမံ တာဝ၊ ရှိကဇေက်"စသောနိယံနှင့်အညီ အနက်ပေးခဲ့ပါ။

**(ဖြေ) (ဃ)ဝါကျ တာဝ-၏ သမ္ဗန်, အပါဒါန်ခံ၍ အနက်ပေးပုံ. . . . .**

ကထံ-အဘယ်သို့။ ဟောန္တိ-ဖြစ်ကုန်သနည်းဟူမူကား။ ***(ပတ္တာဒီနံ-သပိတ်စသည်တို့၏။သမ္ဗန်) (ပါရိဟာရိယဘာဝတော-ကိုယ်,ဝမ်းကို ဆောင်သည်၏အဖြစ်မှ။ အပါဒါန်)*** တာဝ-ရှေးဦးစွာ။ တိစီဝရံ-သုံးထည်သောသင်္ကန်းသည်။ (ဝါ)ကို။ နိဝါသေတွာ စ-သင်းပိုင်ကို ဝတ်၍လည်းကောင်း။ ပါရုပိတွာ စ-သင်္ကန်းကို ရုံ၍လည်းကောင်း။ ဝိစရဏကာလေ-လှည့်လည်ရာအခါ၌။ ကာယံ-ကိုယ်ကို။ ပရိဟရတိ-ဆောင်တတ်၏။ ပေါသေတိ-မွေးမြူတတ်၏။ ဣတိ-ဤသို့။ (တစ်နည်း) ဣတိ ပရိဟရတ္တာ-ဤသို့ ဆောင်တတ်သည်၏အဖြစ်ကြောင့်။ ကာယပရိဟာရိကံ-ကိုယ်ကို ဆောင်တတ်, မွေးမြူတတ်သည်မည်၏။

**မှတ်ချက်။** ***သမ္ဗန်မှန် ၂-မှတ်၊ အပါဒါန်မှန် ၂-မှတ်၊ ကြွင်းမှန် ၆-မှတ်၊***

၂။ **(မေး)** (င) ဝါကျသို့ ဋ္ဌပနာတိကနည်းဖြင့် ကျမ်းတက်ခဲ့ပါ။ (ဝါကျတက်မလို)

**(ဖြေ)** **(င)သို့ ဋ္ဌပနာတိကတက်**

အရှင်အဋ္ဌကထာဆရာ ဆရာသည်(ဃ)ဝါကျဖြင့် သင်းပိုင်ကို ဝတ်၍လည်းကောင်း၊ သက်န်းကို ရုံ၍လည်းကောင်း၊ လှည့်လည်သောကာလ၌ ကိုယ်ကို ဆောင်တတ် မွေးမြူတတ်၏ဟု တိစီဝရိတ် သင်္ကန်း၏ ကိုယ်ကို ဆောင်ပုံ မွေးမြူတတ်ပုံကို ပြဆိုတော်မူ၏။ **(၃-မှတ်)**

တိစီဝရိတ်သင်္ကန်း၏ ကိုယ်ကို ဆောင်တတ်ပုံ မွေးမြူတတ်ပုံကိုသာ ဆရာ ပြဆိုတော်မူမည်လော။ **(၃-မှတ်)**

တိစီဝရိတ်သင်္ကန်း၏ ဝမ်းကို ဆောင်တတ်ပုံ မွေးမြူတတ်ပုံကား အဘယ်ပါနည်း။

တိစီဝရိတ်သင်္ကန်းသည် အဘယ်အခါ၌ ဝမ်းကိုဆောင်တတ် မွေးမြူတတ်ပါသနည်း။ **(၂-မှတ်)**

ဤသို့ ဋ္ဌပနာတိကဖြင့် မေးဖွယ်ရှိ၍ (င)ဝါကျကို မိန့်။

**မှတ်ချက်။ (ဝိတ္ထာယတိ မှာ၊ အစိတ်ပြာ၊ မေးပါ ဝါကျကုန်အရ ရနိုင်သမျှ အမေးထွက်ရသည်။)**

အဓိပ္ပါယ်ကား-(ဃ)ဝါကျဖြင့် တိစီဝရိတ်သင်္ကန်း၏ ကိုယ်ကို ဆောင်တတ်ပုံ မွေးမြူတတ်ပုံကိုသာ ငါ ပြဆိုသည်မဟုတ်၊ (င)ဝါကျဖြင့် တိစီဝရိတ်သင်္ကန်း၏ ဝမ်းကို ဆောင်တတ်ပုံ မွေးမြူတတ်ပုံ ကိုလည်း ငါ ပြဆိုပါ၏ဟူလိုသော်။(သီလက္ခန်-ဂံ ကို နည်းမှီ) **(၂-မှတ်)**

**မှတ်ချက်။** (ဂ)**ဝါကျကို ဋ္ဌပနာထားလျက် သင်္ခေပ+ဝိတ္ထာရတက် ဖြေကလည်း အမှတ်ပြည့်ပေးပါရန်။**

၃။ **(မေး)** သစေပိ န ကထာပေတ္တိ၊ ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝါတိ အဋ္ဌကထာစရိယာ ဝဒန္တိ။ ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာ နာမ နတ္ထိ-ကို ဖြစ်သင့်သလိုကြံဆ၍ စောဒကာဘောဂါဒိ စတုက္ကထုတ်ပြခဲ့ပါ။

**(ဖြေ)** **စောဒကာဘောဂါဒိစတုက္က**

နနု (ဘိက္ခု) ဟရတိ (န ပစ္စာဟရတိ)။ **(၃-မှတ်)**

အထ ကသ္မာ သစေပိ န ကထာပေတ္တိ၊ ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝါတိ အဋ္ဌကထာစရိယာ ဝဒန္တိ။ **(၂-မှတ်)**

နနု ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာ နာမ နတ္ထိ။ **(၃-မှတ်)**

တသ္မာ သစေပိ န ကထာပေတ္တိ၊ ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝါတိ အဋ္ဌကထာစရိယာ ဝဒန္တိ။ **(၂-မှတ်)**

၄။ **(မေး)** (ခ) ဝါကျလာ ယုတ္တယောဂဿ-ကို အပေါင်းဝစနတ္တသာပြု၍ ဝစနာဒိဆက္ကဖြင့် ဝေဘန်ပြခဲ့ပါ။

**(ဖြေ)** ယုတ္တော (ကမ္မဋ္ဌာနဘာဝနာသင်္ခါတော) ယောဂေါ ယဿာတိ ယုတ္တယောဂေါ။ တဿ ယုတ္တယောဂဿ။ **(၄-မှတ်)**

(၁) ယုတ္တယောဂေါ ဟူသော နိပ္ဖန္နပုဒ်သည် ဝစနမည်၏။

(၂) ယုတ္တော (ကမ္မဋ္ဌာနဘာဝနာသင်္ခါတော) ယောဂေါ ယဿ-ဟူသောဝိဂြိုဟ် ဝါကျသည် ဝစနတ္ထမည်၏။

(၃) အားထုတ်အပ်သော ကမ္မဋ္ဌာန်းဘာဝနာနှင့် အားထုတ်တတ်သောရဟန်းတို့၏ ဝိသေသန ဝိသေသျ၊ သာဓျ သာဓကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်းကောင်း၊ အားထုတ်ခြင်းကြိယာ သည်လည်းကောင်း၊ ယုတ္တပုဒ် ယောဂပုဒ် ယအညပုဒ်သည် လည်းကောင်း ဝစနဟေတု မည်၏။

(၄) ကတ္တိသည် ဝစနဟေတုဇောတကမည်၏။

(၅) ရဟန်းဒြပ်သည် ဝစနီယမည်၏။

(၆) အာရဒ္ဓဝီရိယသ ဒဠှပရက္ကမသ-စသောပရိယာယ်သဒ္ဒါများသည် ဝစနီယတ္ထမည်၏။

**(၁-မှတ်စီ ၆-မှတ်)**

**မှတ်ချက်။ ယုတ္တေ (ကမ္မဋ္ဌာနဘာဝနာသင်္ခါတေ) ယောဂေါ ယုတ္တယောဂေါ-ဟု သတ္တမီ-တပ္ပုရိသ် သမာသ်ပြုကလည်း အမှတ်ပြည့်ပေးရန်။**

၅။ **(မေး)** (င) ဝါကျလာ ကုဋ္ဌိပရိဟာရိကံ-ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် ပြည့်စုံစွာ စာစပ်ပြခဲ့ပါ။

**(ဖြေ)** (င) ဝါကျလာ ကုဋ္ဌိပရိဟာရိကံ-ကို ***ကုဋ္ဌိပရိဟာရိကတ္တာ***-ဟု ဟိတ်ပြင်။ **(၃-မှတ်)**

ယင်း၏သမ္ဗန်ကို ***တိစီဝရသ***-ဟုခံ။ **(၃-မှတ်)**

**မှတ်ချက်။ နေရင်းနိသျှ၌ စီဝရသ-ဟုခံ၏။ (၁-မှတ်သာပေးရန်)**

***စာစပ်ပုံ. . . . . .***

တိစီဝရသ-ကား ၏-ဟူ၍အနက်ပေးသောကြောင့် ကုဋ္ဌိပရိဟာရိကတ္တာ၌ သမ္ဗန်။ ကုဋ္ဌိပရိဟာရိကတ္တာကား သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

(တစ်နည်း) တိစီဝရသ-ကား သည်-ဟူ၍အနက်ပေးသောကြောင့် ကုဋ္ဌိပရိဟာရိကတ္တာ-ဝယ် ကုဋ္ဌိပရိဟာရိက ဟူသော ဘာဝယောဂသမ္ဗန်၌ ကတ္တား။ ကုဋ္ဌိပရိဟာရိကဟူသော ဘာဝယောဂ သမ္ဗန်ကား ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

၆။ **(မေး)** (င) ဝါကျ၌ အဋ္ဌကထာဆရာ၏အာဘော်ကို သံဝဏ္ဏနာနှင့် တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ)** ***ကုဋ္ဌိ ပရိဟာရတိ-ဖြင့်*** ကုဋ္ဌိပရိဟာရိကံကား ကုဋ္ဌိပုဒ် ပရိဟာရိကပုဒ် (သမာသလိင်္ဂပဒ)။ **(၂-မှတ်)**

ထိုတွင် ပရိဟာရိကံကား ပရိပုဗ္ဗ ဟရဓာတ် ဏျပစ္စည်းဖြင့် ပရိဟာရိယ ဟူလိုလျက် ယကို က-ပြု၍ ပရိဟာရိက ဟု ရုပ်ပြီးနေသည်၏ အဖြစ်ကိုလည်းကောင်း(ဘာဝတ္ထ)။ **(၂-မှတ်)**

ဏျပစ္စည်း၏ ကတ္တားအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

**(တစ်နည်း)**

ပရိဟာရပုဒ်+ဣယပစ္စည်းဖြင့် ပရိဟာရိယဟူလိုလျက် ယ-ကို က-ပြု၍ ပရိဟာရိကဟုရုပ်ပြီး နေသည်၏ အဖြစ်ကိုလည်းကောင်း။ **(၃-မှတ်)**

ဣယပစ္စည်း၏ ပယောဇနအနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း (ပစ္စယတ္ထသံဝဏ္ဏနာ) **(၃-မှတ်)**

**မှတ်ချက်။ အထက်ပါ နှစ်နည်းတို့တွင် တစ်နည်းနည်းကိုသာ အမှတ်ပေးရန်။**

***ပေါ်သေတိ-ဖြင့်*** ပရိပုဗ္ဗ ဟရဓာတ်၏ ပေါသနအနက်ကို ဟောသည်၏ အဖြစ်ကို လည်းကောင်း (ဒုတိယ ဓာတွတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

***တစ်ဝါကျလုံးဖြင့်*** "သက်နံးစွန်းဖြင့် ရေကို စစ်၍ သောက်သောအခါ, သုံးဆောင်အပ်သော သစ်သီးကြီးငယ်ကို ခံယူသောအခါတို့၌" ဝမ်းကို မွေးမြူသတည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း အဌကထာဆရာသိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

၇။ **(မေး)** ဘိက္ခု-ကို ကိတန္တသမာသ် ကြံဆ၍ နိရုတ္တိနည်း ရုပ်ပြီးပြခဲ့ပါ။

**(ဖြေ)** **ဘိက္ခု နိရုတ္တိနည်းရုပ်ပြီးပုံ . . .**

(ဘယံ ဣက္ခတီတိ ဘိက္ခု-ဝစနတ္ထအရ) ဘယသဒ္ဒူပပဒ ဣက္ခဓာတ် ရူပစ္စည်းဖြင့် **'ဘယိက္ခု'** ဟူလိုလျက် ဝဏ္ဏနာသနိရုတ္တိနည်းဖြင့် ယ-ကို ချေ၊ ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ဣ-ကို ဥ-ရသပြု၍ 'ဘိက္ခု'ဟု ရုပ်ပြီးပါသည်။ **(၁၀-မှတ်)**

၈။ **(မေး)** (က) ဝါကျလာ ဒွါဒသသင်္ချာ၏ သင်္ချေယျကို ဖော်ပြခဲ့ပါ။

**(ဖြေ)**. ***ဒွါဒသ-သရုပ်***

ပစ္စည်းလေးပါးတို့တွင် . . .

**သင်္ကန်း၌ . . .**

(က) ယထာလာဘသန္တောသ။

(ခ) ယထာဗလသန္တောသ။

(ဂ) ယထာသာရုပ္ပသန္တောသ-အားဖြင့် **သုံးပါး။**

**ထို့အတူ ဆွမ်းစသည်တို့၌လည်း** သုံးပါးစီအားဖြင့် တစ်ဆယ့်နှစ်ပါး ဖြစ်ပါသည်။

၉။ **(မေး)** (ခ) ဝါကျလာ ဂါထာကို ဆန်းစစ်၍ ဂါထာ**အမည်** ဆန်းအမည်ပေးခဲ့ပါ။

**(ဖြေ)** 'တိစီဝရဉ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။

ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနော'

အထက်ပါဂါထာသည် . . . . .

(၁) ပါဒတိုင်း ပါဒတိုင်း ရှစ်လုံးရှိခြင်း။

(၂) အစတစ်လုံးနောင် သဂိုဏ်း နဂိုဏ်းမရှိခြင်း။

(၃) ဝိသမပါဒတို့၌ အစလေးလုံးနောင် ယဂိုဏ်းရှိခြင်း။

(၄) သမပါဒတို့၌ ဇဂိုဏ်းရှိခြင်း-ဤအင်္ဂါတို့နှင့် ပြည့်စုံခြင်းကြောင့် **(၄-မှတ်)**

**ပထျာဝတ္တဂါထာ၊** **(၂-မှတ်)**

**အနုဋ္ဌုဘဆန်း**ဖြစ်ပါသည်။ **(၂-မှတ်)**

၁၀။ **(မေး)** (ခ) ဝါကျလာ ဝုတ္တံ-၌ အနုတ္တအရကို ကိုယ်ပြု၍ ဘာဝါလင်္ကာရထုတ်ပြခဲ့ပါ။

**(ဖြေ)** **ဝုတ္တံ-၌ဝစဓာတ်၏အနုတ္တအရ. . . . .** ရှေးအဋ္ဌကထာဟောင်းဆရာတို့၏ သန္တာန်၌ဖြစ်သော မဟာကုသိုလ် မဟာကြိယာစိတ္တုပ္ပါဒ်ကို ကောက်၍။ **(၄-မှတ်)**

(၁) ယင်းစိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ ဓမ္မသိဂ်ီရရသမည်၏။ **(၁-မှတ်)**

(၂) တိစီဝရံ ပတ္တော-စသော ဂါထာတန္တိဓမ္မသည် အာရမ္မဏဝိဘာဝမည်၏။ **(၂-မှတ်)**

(၃) ပရိက္ခရာရှစ်ပါး၏ ကမ္မဋ္ဌာန်းဘာဝနာအားထုတ်သောရဟန်းအား သင့်လျော်ခြင်း, ရှေး အဌကထာဆရာတို့၏ ယောနိသောမနသိကာရ, နိရာနုသယသန္တာန်များသည် ဥဒ္ဒီပနဝိဘာဝ မည်၏။ **(၂-မှတ်)**

(၄) ပရိက္ခရာရှစ်ပါးတို့သည် ကမ္မဋ္ဌာန်းဘာဝနာအားထုတ်သောရဟန်းအတွက် သင့်လျော်၏ဟု သိရခြင်း၊ သိသဖြင့် ကျင့်ရခြင်း၊ အကျင့်မှန်သဖြင့် နိဗ္ဗာန်သို့ ရောက်ရခြင်းစသော အကျိုး အဆက်ဆက်သည် အနုဘာဝမည်၏။ **(၁-မှတ်)**

**မှတ်ချက်။** **နေရင်း၌ကား 'ဝုတ္တမ္ပိ-ဘုရားရှင်လည်း မိန့်အပ်ပြီ'ဟု ပေးထား၏။ အကိုး သာဓက မရှိ။ နေရင်းအလို ဘုရားရှင်သန္တာန်ရှိ မဟာကြိယာကို ကောက်အံ့၊ အရကောက်အတွက် (၂-မှတ်)ပေး၍ ကြွင်းအတွက်လည်း (၂-မှတ်) သာပေးရန်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အစိုးရစာမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရှိုရှို ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၈-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက် (၂၅-၃-၂၀၁၇) စနေနေ့
ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)
(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

.......................................................

(က) **အတ္တမနာ တေ ဘိက္ခူ**တိ တေ ဘိက္ခူ အတ္တမနာ သကမနာ။
(ခ) ဗုဒ္ဓဂတာယ ပီတိယာ ဥဒဂ္ဂစိတ္တာ ဟုတွာတိ ဝုတ္တံ ဟောတိ။
(ဂ) **ဘဂဝတော ဘာသိတန္တိ** ဧဝံ ဝိစိတြနယဒေသနာဝိလာသယုတ္တံ ကြဒံ သုတ္တံ ကရဝီကရုတမဉ္ဇုနာ ကဏ္ဏသုခေန ပဏ္ဍိတဇနဟဒယာနံ အမတာဘိသေကသဒိသေန ဗြဟ္မဿရေန ဘာသမာနဿ ဘဂဝတော ဝစနံ။
(ဃ) အဘိနန္ဒုန္တိ အနုမောဒိံသု စေဝ သမ္ပဋိစ္ဆိံသု စ။

၁။ **(မေး)** "ကဏ္ဏသုခေန"ကို သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ ကြံ၍ (ဂ)ဝါကျကို အနက်ပေးပါ။

**(ဖြေ)** "ကဏ္ဏသုခေန"၌ သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထနှင့် (ဂ)ဝါကျအနက်

ဘဂဝတော ဘာသိတန္တိ-ဘဂဝတော ဘာသိတံဟူသည်ကား။ ဧဝံ-ဤသို့။ ဝါ-ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။

ဝိစိတြနယဒေသနာဝိလာသယုတ္တံ-ဆန်းကြယ်သောနည်းရှိသော ဒေသနာတော်ကို တင့်တယ်စမွယ်စေတော်မူသော သဗ္ဗညုတဉာဏ်နှင့်ယှဉ်သော။ **(၁-မှတ်)**

ကရဝီကရုတမဉ္ဇုနာ-ကရဝိတ်ငှက်မင်း၏ ကျူးရင့်သံကဲ့သို့ သာယာသော။ **(၁-မှတ်)**

ကဏ္ဏသုခေန-ကြားနာရသောပုဂ္ဂိုလ်တို့၏ နား၌ ချမ်းသာစေတတ်သော၊ ဝါ-နားတို့၏ ချမ်းသာကြောင်းဖြစ်သော(သဒ္ဒတ္ထ)။ **(၂-မှတ်)**

နားဝင်ချိုသော (အဓိပ္ပာယတ္ထ) **(၂-မှတ်)**

ပဏ္ဍိတဇနဟဒယာနံ-ဖြစ်သော ပညာရှိသော လူအပေါင်း၏ စိတ်နှလုံးတို့၏။ **(၁-မှတ်)**

အမတာဘိသေကသဒိသေန-အမြိုက်ရေစင်ဖြင့် သွန်းလောင်းခြင်းနှင့်တူသော။ **(၁-မှတ်)**

ပြဟ္မဿရေန-ပြဟ္မာမင်း၏ အသံနှင့်တူသော ရှစ်ပါးသော အင်္ဂါရှိသော အသံတော်ဖြင့်။ ဘာသမာနဿ-ဟောတော်မူသော။ ဘဂဝတော-မြတ်စွာဘုရား၏။ ဝစနံ-စကားတော်ကို။

(ပဓုတ္တ။ နိဿယ၊ ၁၊ ၇၇၂) **(၂-မှတ်)**

**မှတ်ချက်။** သီ၊ ဘာဋီ၊ ၂၊ ၁၉၁၊ ၁၉၂ ၌ကား ဝစနံ-ကို ဣဒံသုတ္တံ ၌ စပ်၍လည်းကောင်း၊ ဝိစိတြ စသည်ကို ဣဒံ သုတ္တံ၏ ဝိသေသန ကြံ၍လည်းကောင်း အနက်ပေး ထားသည်။

၂။ **(မေး)** (ခ) ဝါကျကို သာဘောဂပုစ္ဆာကျမ်းတက်ပြပါ။

**(ဖြေ)** (ခ) ဝါကျ သာဘောဂပုစ္ဆာကျမ်းတက်

အရှင်အဋ္ဌကထာဆရာ **(၁-မှတ်)**

ဆရာသည် **(၁-မှတ်)**

(က)ဝါကျဖြင့် ထိုရဟန်းတို့သည် မိမိစိတ်ရှိကြကုန်၏ဟု ဖွင့်ပြတော်မူ၏။ **(၂-မှတ်)**

"မိမိစိတ်ရှိ"ဟူရာ၌ မည်သူမဆို မိမိစိတ်ရှိသူချည်းမဟုတ်ပါလော။ **(၂-မှတ်)**

အဘယ်သို့ စိတ်ရှိသူကို မိမိစိတ်ရှိသူဟု ဆိုလိုပါသနည်း။ **(၁-မှတ်)**

ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေဆိုခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် (ခ)ဝါကျကို မိန့်တော်မူ၏။ **(၁-မှတ်)**

**အဓိပ္ပာယ်ကား**-မိမိစိတ်ရှိ ဟူရာ၌ မည်သူမဆို မိမိစိတ်ရှိသူချည်းမဟုတ်။ ဘုရားလျှင် အာရုံရှိသော ပီတိဖြင့် တက်ကြွသောစိတ်ရှိသူကိုပင် မိမိစိတ်ရှိ၏ဟု ဆိုလိုပါ၏ဟူလိုသော်။ **(၂-မှတ်)**

၃။ **(မေး)** ရမ္မယာ ဓတံ နာမံ။ ဣဓ ပန နေတ္တိသဒ္ဒိသတာယ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ-ကို စောဒကာ ဘောဂါဒိ စတုက္ကထုတ်ပြပါ။

**(ဖြေ)** စောဒကာဘောဂါဒိ စတုက္က

နနု ရမ္မယာ ဓတံ နာမံ။ (စော+ဘော) **(၃-မှတ်)**

အထကသ္မာ ဣဓ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။ (စော) **(၂-မှတ်)**

နနု ဘဝတဏှာ နေတ္တိသဒ္ဒိသာ ဟောတိ။ (ပရိ+ဘော) **(၃-မှတ်)**

တသ္မာ ဣဓ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ။ (ပရိ) **(၂-မှတ်)**

**မှတ်ချက်။** နေတ္တိ သဒ္ဒိသတာယ ဟု ပရိဟာရဘောဂ ပြုလုပ်ခဲ့သော် တသ္မာ မပါဘဲ ဣဓ ဘဝတဏှာ နေတ္တီတိ အဓိပ္ပေတာ ဟု ထုတ်ပါကလည်း အမှတ်ပြည့်ပေးရန်။

၄။ **(မေး)** "ဗုဒ္ဓ"ပုဒ်ကို ပစ္စုပ္ပန္နကာလိက သုဒ္ဓကတ္တု ဝစနတ္ထပြု၍ ဝစနာဒိဆက္က ဝေဖန်ပြပါ။

**(ဖြေ)** ဝစနာဒိဆက္က

စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗုဒ္ဓေါ။ **(၄-မှတ်)**

ဗုဒ္ဓေါဟူသော နိပ္ဖန္နပုဒ်သည် ဝစန။ **(၁-မှတ်)**

ဗုဇ္ဈတိ ဟူသော ဝိဂြိုဟ်သည် ဝစနတ္ထ။ **(၁-မှတ်)**

(ဗုဓ ဓာတ်၊ တ-ပစ္စည်းသည်လည်းကောင်း), သစ္စာလေးပါးကို သိခြင်းကြိယာသည်လည်းကောင်း ဝစနဟေတု၊ **(၁-မှတ်)**

ဣတိသဒ္ဒါသည် ဝစနဟေတုဇောတက။ **(၁-မှတ်)**

မြတ်စွာဘုရားဖြစ်တော်သည် ဝစနီယ။ **(၁-မှတ်)**

ဒသဗလော စသော ပရိယာယ်သဒ္ဒါသည် ဝစနီယတ္ထ။ **(၁-မှတ်)**

**မှတ်ချက်။** သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ ဗုဒ္ဓေါဟု ဝစနတ္ထ ပြု၍ ထုတ်ပါကလည်း အမှတ်ပြည့်ပေးရန်။

၅။ **(မေး)** "ဥဒဂ္ဂစိတ္တာ"ပုဒ်ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် အတ္တာနုရူပ စာစပ်ပြပါ။

**(ဖြေ)** သမ္ဗန်ခံစာစပ်

ဥဒဂ္ဂစိတ္တာကို ဥဒဂ္ဂစိတ္တတ္တာ ဟု ဟိတ်ပြင်ရပါမည်။ **(၃-မှတ်)**

ယင်း၏ သမ္ဗန်ပုဒ်ကို တေသံဘိက္ခုနံ ဟု ခံရပါမည်။ **(၃-မှတ်)**

(တေသံဘိက္ခုနံ၊ ထိုရဟန်းတို့၏။ ဝါ-ထိုရဟန်းတို့သည်။ ဥဒဂ္ဂစိတ္တတ္တာ-တက်ကြွသောစိတ် ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဟု အနက်ပေးရပါမည်။)

**စာစပ်။** ။တေသံဘိက္ခုနံ ကား တို့သည်ဟူ၍ အနက်ပေးသောကြောင့် ဥဒဂ္ဂစိတ္တတ္တာဝယ် ဥဒဂ္ဂစိတ္တဟူသော ဘာဝယောဂပုဒ်၌ ကတ္တား(တုလျ) (ဝါစ္စ)၊ ဥဒဂ္ဂစိတ္တဟူသော ဘာဝယောဂပုဒ်ကား ကတ္တိ (လိင်) (ဝါ စက) **(၂-မှတ်)**

တေသံဘိက္ခုနံကား တို့၏ဟူ၍ အနက်ပေးသောကြောင့် ဥဒဂ္ဂစိတ္တတ္တာဝယ် တ္တပစ္စည်း၌ သမ္ဗန်။ တ္တ ပစ္စည်းကား သမ္ဗန္ဓီ။ **(၂-မှတ်)**

၆။ **(မေး)** (က) (ခ) (ဃ) ဝါကျတို့ကို အဋ္ဌကထာဘောဂပြု၍ သံဝဏ္ဏနာအမည်နှင့် တွဲစပ်ပြပါ။

(က) ဝါကျအာဘော်

သကမနာ ဟူသော သံဝဏ္ဏနာဖြင့် အတ္တမနာ၌ အတ္တသဒ္ဒါသည် မိမိအနက်ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (နာမလိင်္ဂတ္ထ သံဝဏ္ဏနာ) **(၂-မှတ်)**

(ခ) ဝါကျအာဘော်

(ခ)ဝါကျဖြင့် အတ္တမနာ၌ မိမိစိတ်ရှိ၏ဟူသည် မြတ်စွာဘုရားလျှင် အာရုံရှိသောပီတိဖြင့် တက်ကြွသောစိတ်ရှိခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေပါသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ) **(၂-မှတ်)**

(ဃ)ဝါကျအာဘော်

**အနုမောဒိ သုစေဝ သမ္ပဋိစ္ဆိသုစ ဟူသော သံဝဏ္ဏနာဖြင့် အဘိဥပသာရုပ်၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို သိစေပါသည်။** (ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ) **(၂-မှတ်)**

**နန္ဒဓာတ်၏ အနုမောဒနအနက် သမ္ပဋိစ္ဆနအနက်ဟောသည်၏ အဖြစ်ကို သိစေပါသည်။** (ဓာတွတ္ထ သံဝဏ္ဏနာ) **(၂-မှတ်)**

အဘိနန္ဒုံ၌ ဥံသည် မူလအာချာတ် ဥံဝိဘတ်၏ အဖြစ်ကို သိစေပါသည်။(ဒုတိယဝိဘတ္တိပဒ သံဝဏ္ဏနာ) **(၂-မှတ်)**

၇။ **(မေး)** ကရဝီက၊ ဟဒယ၊ ပုဒ်တို့ကို နိရုတ္တိနည်းဖြင့် ရုပ်ပြီးပြပါ။

**နိရုတ္တိနည်း**

ကရဝီက-ကား ကလသဒ္ဒူပပဒ၊ ရုဓာတ်၊ ဏ္ဍကပစ္စည်း(ကလရဝီက)ဟု နေလိုလျက် ဝဏ္ဏလောပ နိရုတ္တိနည်းဖြင့် လ ကို ချေ၍ ကရဝီက ဟု ရုပ်ပြီးပါသည်။ **(၅-မှတ်)**

(ကလံ ရဝတီတိ ကရဝီကော၊ ဏ္ဍ ကော၊ လလောပေါ။)(အဘိဓာန် ဋီကာ ၂၆၂။)

ဟဒယ-ကား ဟရဓာတ် ယ ပစ္စည်း(ဟရယ)ဟု နေလိုလျက် ဝဏ္ဏဝိကာရ နိရုတ္တိနည်းဖြင့် ရ ကို ဒ ပြု၍ ဟဒယ ဟု ပြီးပါသည်။ **(၅-မှတ်)**

(ဟရတိ အတ္တနော အာဟရန္တိ ဟဒယံ၊ ယော၊ ရဿ ဒေါ။)

၈။ **(မေး)** ကောင်းစွာထားအပ်သော စိတ်ကိုသာ "မိမိစိတ်"ဟု ဆိုရခြင်းအကြောင်းနှင့် "ပြဟ္မဇာလသုတ်" အဓိပ္ပာယ်ကို အဋ္ဌကထာဖွင့်ဆိုချက်နှင့်အညီ ဖြေဆိုပါ။

**(ဖြေ)** မိမိစိတ်ဟု ဆိုရခြင်းအကြောင်း

ကောင်းစွာထားအပ်သောစိတ်ကိုသာ မိမိ၏ကောင်းကျိုးကို ပြုတတ်သည်၏ အဖြစ်ကြောင့် မိမိစိတ်ဟု ဆိုရခြင်း ဖြစ်ပါသည်။ **(၅-မှတ်)**

"ပြဟ္မဇာလသုတ်"အဓိပ္ပာယ်

မြတ်သော သဗ္ဗညုတဉာဏ်ကို ဝေဖန်ရာဖြစ်သောကြောင့် ပြဟ္မဇာလသုတ်ဟု ခေါ်ပါသည်။ **(၅-မှတ်)**

၉။ **(မေး)** ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။ ကို အဓိပ္ပာယ်မပျက်စေဘဲ ဝတ္တမျိုးဂါထာသီကုံး၍ အကြောင်းသွင်းကာ ဂါထာအမည်၊ ဆန်းအမည်ပေးပါ။

**(ဖြေ)** ဝတ္တမျိုးဂါထာသီကုံး

မယာ အာနန္ဒ တုမှာကံ၊ ဓမ္မော စ ဝိနယော စ ယော။

သဒါ ဒေသိတော ပညတ္တော၊ မမစ္စယေန သော မုနိ။ **(၅-မှတ်)**

ဤဂါထာသည်
(၁) လေးပါဒလုံး၌ **အစတစ်လုံးနောင် သဂိုဏ်း၊ နဂိုဏ်း မရှိခြင်း**
(၂) ပထမပါဒ**အစလေးလုံးနောင် ယဂိုဏ်းရှိခြင်း**
(၃) တတိယပါဒ**အစအက္ခရာလေးလုံးနောင် မဂိုဏ်းရှိခြင်း**
(၄) သမပါဒ**အစအက္ခရာလေးလုံးနောင် ဇဂိုဏ်းရှိခြင်း**။
ဤလက္ခဏာတို့နှင့် ပြည့်စုံသောကြောင့် တတိယမကာရဝိပုလာဂါထာဖြစ်ပါသည်။
တပါဒလျှင် အက္ခရာရှစ်လုံးစီရှိသောကြောင့် အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ **(၅-မှတ်)**

**၁၀။ (မေး)** "ဗုဒ္ဓ"ပုဒ်၌ **အန္တတ္ထအရ** ပြည့်စုံအောင် ကောက်ပြ၍ နှစ်သက်ရာကို ဘာဝစသည် ပြည့်စုံစွာ ထုတ်ပြပါ။

**(ဖြေ)** ဗုဒ္ဓ၌ **အန္တတ္ထ** အရကား သစ္စာလေးပါးကို သိတတ်သော အရဟတ္တမဂ်ဉာဏ်ရ၏။ **(၃-မှတ်)**
**တစ်နည်း။** တရားအားလုံးကို သိတတ်သော သဗ္ဗညုတဉာဏ်ရ၏။ **(၃-မှတ်)**
ထိုတွင် အရဟတ္တဉာဏ်ယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ **(၁-မှတ်)**
သစ္စာလေးပါးသည် အာရမ္မဏဝိဘာဝ။ **(၁-မှတ်)**
ပါရမီဉာဏ် အောက်မဂ် အောက်ဖိုလ်ဉာဏ်တို့သည် ဥဒ္ဒီပန ဝိဘာဝ **(၁-မှတ်)**
အရဟတ္တဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့သည် အနုဘာဝ။ **(၁-မှတ်)**
သဗ္ဗညုတဉာဏ်-ယူ၍ ထိုသည် ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ။
ပါရမီဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့သည် ဥဒ္ဒီပနဝိဘာဝ။
သကလဗုဒ္ဓဂုဏ် စသည်တို့သည် အနုဘာဝ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစဉ်တန်းရှိုးရှိုး ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (ဒုတိယနေ့)**

၁၃၇၉-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၄-၃-၂၀၁၈) စနေနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

.......................................................

(က) **ဓမ္မစက္ခုန္တိ** ဧတ္ထ သောတာပတ္တိမဂ္ဂေါ အဓိပ္ပေတော၊

(ခ) တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ **"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မ"န္တိ** အာဟ။

(ဂ) တဉှိ နိရောဓံ အာရမ္မဏံ ကတွာ ကိစ္စဝသေန ဧဝံ သဗ္ဗသင်္ခတံ ပဋိဝိဇ္ဈန္တံ ဥပ္ပဇ္ဇတိ။

၁။ **(မေး)** ဥပ္ပတ္တိအာကာရဒဿနတ္ထံ-၌ ဝိဘတ်ပုဒ်ဆက်စပ်ပုံလင်စေလျက်လည်းကောင်း, ပဓာနကြိယာ၏ ကတ္တားပုဒ် ထည့်စွက်လျက်လည်းကောင်း (ခ)ဝါကျကိုအနက်ယောဇနာခဲ့ပါ။

**(ဖြေ)** (ခ) တဿ သောတာပတ္တိမဂ္ဂဿ၊ ၏။ ဥပ္ပတ္တိအာကာရဒဿနတ္ထံ၊ ဖြစ်ပုံအခြင်းအရာကိုပြခြင်းငှါ။ **(၂-မှတ်)**

(ဝါ) ဖြစ်ပုံအခြင်းအရာကို ပြခြင်းအကျိုးငှါ။ **(၂-မှတ်)**

(ဝါ) ဖြစ်ပုံအခြင်းအရာကို ပြလိုခြင်းဟူသောကြောင့်ကြောင့်။ **(၂-မှတ်)**

"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ၊ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"ဟူ၍။ အာယသ္မာ အာနန္ဒတ္ထေရော၊ သည်။

**(တစ်နည်း)** သင်္ဂီတိတ္ထေရော (သင်္ဂီတိကာရကော)၊ သည်။ **(၂-မှတ်)** အာဟ၊ ဆို၏။

**(ပဒုတ္တ။ သျ။ ၂။ ၄၂၈) (အကြွင်း ၂-မှတ်)**

၂။ **(မေး)** (ဂ) ဝါကျသို့ အာဘောဂါယုတ္တစောဒနာနည်းဖြင့် ကျမ်းတက်ပြခဲ့ပါ။ (အဓိပ္ပါယ်ပြန်ရန်မလို)

**(ဖြေ)** အရှင်အဋ္ဌကထာဆရာ၊ ဆရာသည်။ (ခ)ဝါကျဖြင့် ဓမ္မစက္ခုဟုဆိုအပ်သော သောတာပတ္တိမဂ်၏ ဖြစ်ပုံအခြင်းအရာကို ပြခြင်းငှာ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"ဟူသော စကားကို အရှင်အာနန္ဒာမထေရ်ဆို၏ဟု ဖွင့်ပြတော်မူအပ်၏။ **(၃-မှတ်)**

ဓမ္မစက္ခုဟု ဆိုအပ်သော သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်တည်းဟူသော အသင်္ခတတရားကိုသာ အာရုံပြုသည် မဟုတ်ပါလော။ **(၄-မှတ်)**

ယင်းသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဓမ္မစက္ခုဟု ဆိုအပ်သော သောတာပတ္တိမဂ်၏ ဖြစ်ပုံအခြင်းအရာကို ပြခြင်းငှါ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"ဟူသော စကားကို အရှင်အာနန္ဒာမထေရ်ဆို၏-ဟု ဖွင့်ဆိုအပ်ပါသနည်း။ **(၃-မှတ်)**

ထိုသို့ဖွင့်ဆိုရခြင်း၏အကြောင်းကို မပြဆိုခဲ့သော် ဆရာ့အား ဖလ+ကာရကဆန့်ကျင်သော ဝိရောဓိ ဒေါသ သင့်ရောက်ရာ၏။

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကို မိန့်။

**မှတ်ချက်။** ဒေါသမတင်လည်း အမှတ်ပြည့်ပေးပါ။

၃။ **(မေး)** (ခ) ဝါကျကို စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

**(ဖြေ)** နနု "ဓမ္မစက္ခုံဥဒပါဒီ"တိ ဣမိနာ ဓမ္မစက္ခုသ ဥပ္ပတ္တိ ဒဿေတိ။(စောဒကာဘောဂ) **(၄-မှတ်)**
အထ ကသ္မာ "ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ အာဟ။(စောဒနာ) **(၂-မှတ်)**
တဿ ဥပ္ပတ္တိအာကာရဒဿနတ္ထံ။ (ပရိဟာရဘောဂ) **(၂-မှတ်)**
"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ အာဟ။(ပရိဟာရ) **(၂-မှတ်)**

**မှတ်ချက်။** ပရိဟာရဘောဂ, ပရိဟာရတို့၌ နနု, ယသ္မာ, တသ္မာဖြင့် ရေးလည်းအမှတ်ပေးရန်။

၄။ **(မေး)** (က) ဝါကျလာ အဓိပ္ပေတော-ကို ဝစနတ္ထပြ၍ ဝစနာဒိဆက္က ဝေဖန်ပြခဲ့ပါ။

**(ဖြေ)** 'အဓိပ္ပိယတေ ဣစ္ဆီယတေတိ အဓိပ္ပေတော။ **(၄-မှတ်)**
အဓိပ္ပေတော-ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် **ဝစန**မည်၏။ **(၁-မှတ်)**
အဓိပ္ပိယတေ ဣစ္ဆီယတေ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် **ဝစနတ္ထ**မည်၏။ **(၁-မှတ်)**
အလိုရှိခြင်း ကြိယာသည် **ဝစနဟေတု**မည်၏။ **(၁-မှတ်)**
ဣတိသဒ္ဒါသည် **ဝစနဟေတုဇောတက**မည်၏။ **(၁-မှတ်)**
ဓမ္မစက္ခုဟုဆိုအပ်သောသောတာပတ္တိမဂ်ဒြပ်သည် **ဝစနီယ**မည်၏။ **(၁-မှတ်)**
ဣစ္ဆိတော-စသော ပရိယာယ်သဒ္ဒါများသည် **ဝစနီယတ္ထ**မည်၏။ **(၁-မှတ်)**

၅။ **(မေး)** (ဂ) ဝါကျလာ ကတ္တာ-ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီး ယင်းသမ္ဗန်ကို အနက်အားလျော်စွာ စာစပ်ပြခဲ့ပါ။

**(ဖြေ)** (ဂ) ဝါကျ၌ ကတ္တာ-ကို "ကရောန္တတ္တာ"ဟု ဟိတ်ပြင်ရပါမည်။ **(၂-မှတ်)**
ယင်းဟိတ်၏ သမ္ဗန်ကို "တဿ (သောတာပတ္တိမဂ္ဂဿ/သောတာပတ္တိမဂ္ဂဉာဏဿ)"ဟု ခံရပါသည်။ **(၄-မှတ်)**

***စာစပ်ပုံ. . . . . .*** တဿ (သောတာပတ္တိမဂ္ဂဿ/သောတာပတ္တိမဂ္ဂဉာဏဿ)-ကားသည် ဟူ၍ အနက်ပေးသောကြောင့် ကရောန္တတ္တာ-ဝယ် ကရောန္တ-ဟူသော ဘာဝယောဂပုဒ်၌ (တုလျက်,ဝါစ္စ) ကတ္တား၊ ကရောန္တ-ဟူသော ဘာဝယောဂပုဒ်ကား (လိင်္ဂတ်, ဝါစက)ကတ္တိ အဖြစ်ဖြင့် စပ်အပ်၏။

**(၂-မှတ်)**

**(တစ်နည်း)** တဿ (သောတာပတ္တိမဂ္ဂဿ/သောတပတ္တိမဂ္ဂဉာဏဿ)ကား ၏-ဟူ၍ အနက်ပေးသောကြောင့် ကရောန္တတ္တာ-ဝယ် တ္တ-ပစ္စည်း၌ (ဂုဏီ, သတ္တိမန္တ) သမ္ဗန်၊ တ္တ-ပစ္စည်းကား (ဂုဏ်, သတ္တိ) သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

**မှတ်ချက်။** ကရောန္တတ္တာ-နည်းတူ ကုဗ္ဗန္တ, ကုရုမာန, ကုဗ္ဗာန-ဟူသော ကတ္တုဝါစက ပုဒ်တို့ဖြင့်လည်း ကုဗ္ဗန္တတ္တာ၊ ကုရုမာနတ္တာ၊ ကုဗ္ဗာနတ္တာ-ဟု ဟိတ်ပြင်နိုင်ပါသည်။ **(ရှု၊ ၄၀၀)**

ကွင်းခတ်ထားသောစကားများ မပါသော်လည်း အမှတ်ပေးပါ။

၆။ **(မေး)** နာဿ ပရောပစ္စယော၊ န ပရဿ သဒ္ဓါယ ဧတ္ထ ဝတ္တတီတိ **အပရပ္ပစ္စယော**-ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။

**(ဖြေ)** နာဿ ပရော ပစ္စယော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အပရပ္ပစ္စယော-၌ န-ပုဒ်+ပရပ္ပစ္စယော-ပုဒ်၊ ပရပ္ပစ္စယော-ပုဒ်ကို "ပရော ပစ္စယော ပရပ္ပစ္စယော"ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကို လည်းကောင်း (အဘိဓာနတ္ထ, သမာသလိင်္ဂပဒ) **(၂-မှတ်)**
ယင်း၏ တုလျအနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း၊ (သမာသလိင်္ဂတ္ထ) **(၂-မှတ်)**
န-နှင့် ပရပ္ပစ္စယော-ကို "နတ္ထိ ပရပ္ပစ္စယော ယဿာတိ အပရပ္ပစ္စယော"ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း၊ (အဘိဓာနတ္ထ, သမာသလိင်္ဂပဒ) **(၂-မှတ်)**
ယင်း၏ သမ္ပဒါန် (ဝါ) သမ္ဗန်အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။
(သမာသလိင်္ဂတ္ထသံဝဏ္ဏနာ) **(၂-မှတ်)**

န ပရဿ သဒ္ဓါ ဧတ္ထ ဝတ္တတိ-ဖြင့် ပေါက္ခရသာတိပုဏ္ဏားသည် မိမိနှင့် ရင်းနှီးသူတစ်ယောက်က ယုံကြည်သောကြောင့် လိုက်၍ ယုံကြည်သည် မဟုတ်၊ သာသနာတော်၌ ကိုယ်တိုင်သိ၍ ယုံကြည်သည်-ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဘာဝတ္ထ) **(၂-မှတ်)**

၇။ **(မေး)** (က) အဓိပ္ပေတော၊ (ခ) အာဟ-ပုဒ်တို့၏ နိရုတ္တိနည်းတို့ဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။

**(ဖြေ)** (က) အဓိပ္ပေတော-ကား အဓိရှေ့, အပိရှေ့ရှိသော ဣ-ဓာတ်+တ-ပစ္စည်းဖြစ်၍ အဓိအပိဣတော-ဟု ဆိုလိုလျက်
အပိ-၌ အကို ချေခြင်း **ဝဏ္ဏလောပနိရုတ္တိနည်း။**
ပိ-၌ ဣ-ကို ယ-ပြုခြင်း၊ ပျ-ကို ပ-ပြုခြင်း **ဝဏ္ဏဝိကာရနိရုတ္တိနည်း။**
ပ-ဒွေဘော်လာခြင်း **ဝဏ္ဏာဂမနိရုတ္တိနည်း၊**
ဣ-ဓာတ်ကို ဧ-ပြုခြင်း **ဝဏ္ဏဝိကာရနိရုတ္တိနည်း**တို့ဖြင့် "အဓိပ္ပေတော"ဟု ရုပ်ပြီးပါသည်။ **(၆-မှတ်)**

**မှတ်ချက်။** အဓိ-ရှေ့, ပ-ရှေ့ရှိသော ဣ-ဓာတ်+တ-ပစ္စည်းဖြင့် ပြီးလျှင်လည်း အမှတ်ပေးပါ။

(ခ) အာဟ-ကား၊ ဗြူ-ဓာတ်+တိ-ဝိဘတ်ဖြစ်၍ ဗြူတိ-ဟု ဆိုလိုလျက် ဗြူဓာတ်ကို အာဟ-ပြုခြင်း၊ တိ-ဝိဘတ်ကို အ-ပြုခြင်း **ဝဏ္ဏဝိကာရနိရုတ္တိနည်း**ဖြင့် "အာဟ"ဟု ရုပ်ပြီးပါသည်။ **(၄-မှတ်)**

၈။ **(မေး)** (က) ဝါကျလာ ဓမ္မစကျွ-ပုဒ်အရ မဂ်လေးပါးရှိပါလျက် သောတာပတ္တိမဂ်ကိုသာ ယူရခြင်း အကြောင်းကို ရေးခဲ့ပါ။

**(ဖြေ)** ဓမ္မစက္ခု-ပုဒ်အရ သောတာပတ္တိမဂ်သာ ယူရခြင်းအကြောင်း။
သောတာပတ္တိမဂ်ကို မရသေးသည်ရှိသော် အခြားသော အထက်မဂ်(၃)ခုပါးတို့၏ (ရ၏ဟု)ဆိုအပ်, ဆိုထိုက်သည်၏အဖြစ်သည်ပင် မရှိသောကြောင့် ဓမ္မစက္ခု-ပုဒ်အရ သောတာပတ္တိမဂ်ကိုသာ ယူရပါသည်။ **(၁၀-မှတ်)**
(တသ္မိံ အနဓိဂတေ အညေသံ ဝတ္တဗ္ဗတာယေဝ အဘာဝတော။ (ဋီ-သစ်၊ ၂၊ ၁၉၅)

၉။ **(မေး)** (ဂ) ဝါကျကို အဓိပ္ပါယ်မပျက်စေဘဲ ဝတ္တမျိုး ဂါထာတစ်ပုဒ် သီကုံး၍ ဂါထာအမည်ပေးခဲ့ပါ။

**(ဖြေ)** နိရောဓာရမ္မဏံ ကတွာ၊ ဇဝံ ကိစ္စဝသေန ဟိ။
သစ္စံ ပဋိဝိဇ္ဈန္တံ၊ ဓမ္မစက္ခု ပဝတ္တတိ။ **(၈-မှတ်)**
ပထျာဝတ္တဂါထာ ဖြစ်ပါသည်။ **(၂-မှတ်)**
**(မှတ်ချက်)။** တစ်ပါဒ၌ အက္ခရာ(၈)လုံး မပြည့်လျှင် အမှတ်မပေးရ။
သာမညဂါထာရေးလျှင် (၄-မှတ်)သာ ပေးရန်။

**ဂါထာစစ်ရာ၌ သတိပြုရန်-**
ဝတ္တမျိုး ဂါထာသီကုံးရာ၌ အောက်ပါတို့ကို သတိပြုရမည်။
၁။ မည်သည့်ဂါထာမဆို အစ အက္ခရာတစ်လုံးနောင် သ-ဂိုဏ်း န-ဂိုဏ်းရှောင်ရမည်။
၂။ ဝတ္တဂါထာဖြစ်လျှင် လေးပါဒလုံး အစ အက္ခရာလေးလုံးနောင် ယ-ဂိုဏ်းထားရမည်။ (ယ, ယံ, ယ, ယ)
၃။ ပထျာဝတ္တဂါထာဖြစ်လျှင် ပထမပါဒ, တတိယပါဒတို့၌ အစ အက္ခရာလေးလုံးနောင် ယ-ဂိုဏ်း၊ ဒုတိယပါဒ, စတုတ္ထပါဒတို့၌ အစ အက္ခရာလေးလုံးနောင် ဇ-ဂိုဏ်းထားရမည်။ (ယ, ဇ, ယ, ဇ)
၄။ အခြားသောဂါထာများဖြစ်လျှင် ဒုတိယပါဒ, တတိယပါဒတို့၌ အစ အက္ခရာလေးလုံးနောင် ဇ-ဂိုဏ်း၊ ပထမပါဒ, တတိယပါဒတို့၌ နှစ်သက်ရာဂိုဏ်းထားနိုင်သည်။ (- , ဇ, - , ဇ)

**ဂိုဏ်း(၈)မျိုး-**
မတ်ဘုံဇေ, ဘူလမိ, နသိဘ, ယတိမ်သတ်, ဇနေပု, သုလိသွာ, ရာမိကြတ်, တတ်အာသ။

၁၀။ **(မေး)** (ဂ) ဝါကျလာ ပဓာနကြိယာပုဒ်အရတရားကို ကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ။

**(ဖြေ)** (ဂ) ဝါကျလာ ဥပ္ပဇ္ဇတိ-ဟူသော ပဓာနကြိယာပုဒ်အရ နိဗ္ဗာန်ကို အာရုံပြု၍ အသမ္မောဟ, ပဋိဝေဓကိစ္စ၏ အစွမ်းဖြင့် သစ္စာတရားမှန်သမျှကို ထိုးထွင်း၍ သိသောအခြင်းအရာအားဖြင့်ဖြစ်သော ဓမ္မစက္ခုဟု ဆိုအပ်သော သောတာပတ္တိမဂ်ကို ယူ၍ **(၂-မှတ်)**
ယင်းသည် **သမဋ္ဌာယီဘာဝ, သန္တရသ**မည်၏။ **(၂-မှတ်)**

နိဗ္ဗာန်သည် **အာလမ္ဗဏဝိဘာဝ**မည်၏။ (၂-မှတ်)
ဘုရားရှင်၏ တရားတော်ကို နာကြားရခြင်းသည်လည်းကောင်း၊
ဒေသကဖြစ်တော်မူသော ဘုရားရှင်သည်လည်းကောင်း၊
တရားဟောရာဌာန, ကာလစသည်သည်လည်းကောင်း၊
ပေါက္ခရသာတိပုဏ္ဏားကြီး၏ ပါရမီရင့်သန်ခြင်းသည်လည်းကောင်း **ဉပ္ပိပနဝိဘာဝ**မည်၏။ (၂-မှတ်)
သောတာပတ္တိဖိုလ်ဖြစ်ခြင်း၊ ပစ္စဝေက္ခဏာဉာဏ်ဖြစ်ခြင်းအစ အနုပါဒိသေသနိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် **အနုဘာဝ**မည်၏။ (၂-မှတ်)

ဿဿ◉ဿဿ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရှိုးရှိုး ॥ ॥ သီလက္ခန္ဓဝဂ္ဂပါဠိ+အဋ္ဌကထာ (ဒုတိယနေ့)**

၁၃၈၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက် (၃၀-၃-၂၀၁၉) စနေနေ့
ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)
(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

---

(က) ဧဝံ ပဌမေန နယေန မနောပဒောသံ နိဝါရေတွာ ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော အာဟ "တုမှေ စေ တတ္ထ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံ ယေဝဿ တေန အန္တရာယော"တိ။

(ခ) တတ္ထ တုမှေ စေ တတ္ထ အဿထာတိ တေသု အဝဏ္ဏဘာသကေသု၊

(ဂ) တသ္မိံ ဝါ အဝဏ္ဏေ တုမှေ ဘဝေယျာထ စေ၊ ယဒိ ဘဝေယျာထာတိ အတ္ထော။

(ဃ) ကုပိတာ ကောပေန, အနတ္တမနာ ဒေါမနဿေန။

၁။ **(မေး)** မနောပဒေါသံ-၌ သဒ္ဒတ္ထ, အဘိဓေယျတ္ထများ ထင်စေလျက် (က)ဝါကျကိုသာ အနက်ယောဇနာ ခဲ့ပါ။

**(ဖြေ)** (က) ဧဝံ၊ ဤသို့လျှင်။ ပဌမေန၊ ရှေးဦးစွာသော။ နယေန၊ နည်းဖြင့်။ မနောပဒေါသံ၊ စိတ်ကို အပြားအားဖြင့် ဖျက်ဆီးတတ်သော ဒေါသ,ဒေါမနဿကို။ **(သဒ္ဒတ္ထ, အဘိဓေယျတ္ထ)** နိဝါရေတွာ၊ တားမြစ်တော်မူပြီး၍။ ဒုတိယေန၊ ဒုတိယဖြစ်သော။ နယေန၊ နည်းဖြင့်။ တတ္ထ၊ ထိုမနောပဒေါသ၌။ အာဒီနဝံ၊ အပြစ်ကို။ ဒဿေန္တော၊ ပြတော်မူလိုသည်၏အဖြစ်ကြောင့် (တစ်နည်း) ဒဿေန္တော၊ ပြတော်မူ လိုသည်။ ဟုတွာ၊ ဖြစ်၍။ "တုမှေ စေ တုမှေ ။ပ။ တေန အန္တရာယော"တိ၊ "တုမှေ စေ တုမှေ ။ပ။ တေန အန္တရာယော"ဟူ၍၊ အာဟ-ဟောတော်မူပြီ။

**(မနောပဒေါသံ သဒ္ဒတ္ထ, အဘိဓေယျတ္ထ ၄-မှတ်၊ ကြွင်း ၆-မှတ်)**

၂။ **(မေး)** (က)ဝါကျသို့ အပရာနုသန္ဓေတက်၍၊ မနောပဒေါသံ-ပုဒ်သို့ သဒ္ဒါနည်းအားဖြင့် သာဘောဂပုစ္ဆာ ကျမ်းထွက် ပြခဲ့ပါ။

**(ဖြေ)** **(က) ဝါကျသို့ အပရာနုသန္ဓေ**

ယခုအခါ၌ "တုမှေ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံ ယေဝဿ တေန အန္တရာယော"ဟူသော ပါဠိတော်၏ အနုသန္ဓေ သမ္ဗန္ဓ သမုဒါယတ္ထကို ပြခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "ဧဝံ"အစရှိသော (က)ဝါကျကို မိန့်တော်မူ၏။ **(၃-မှတ်)**

**မနောပဒေါသံပုဒ်သို့-သဒ္ဒါနည်းအားဖြင့် သာဘောဂပုစ္ဆာကျမ်းထွက်**

ဤဝါကျ၌ လိုရင်းပဓာနပါဌ်ကား "နိဝါရေတွာ"ဟူသည်တည်း။ အဓိပ္ပါယ်ကား "တားမြစ်တော်မူပြီး၍" ဟူလို။ **(လိုရင်းကောက်, အဓိပ္ပါယ်ပြန် ၂-မှတ်)**

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် နိဝါရေတွာ-ဟူသောပါဌ်ဖြင့် ကမ္မာပေက္ခကြိယာကို ပြဆိုတော် မူ၏။ (ဌပနာ) **(၁-မှတ်)** ယင်း၏ ကံပုဒ်ကို မပြဆိုတော့ပြီလော။ (အာဘော်) **(၂-မှတ်)** ယင်း၏ ကံပုဒ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ) ဤသို့ မေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အလိုရှိတော်မူသော အဋ္ဌကထာဆရာသည် "မနောပဒေါသံ"ဟူသောပါဌ်ကို မိန့်တော်မူ၏။ **(၁-မှတ်)**

**အဓိပ္ပါယ်ကား**

နိဝါရေတွာ-ဟူသော ကမ္မာပေက္ခကြိယာ၏ ကံပုဒ်ကား "မနောပဒေါသံ" ဖြစ်၏ဟူလို။ **(၁-မှတ်)**

**မှတ်ချက်။ ကမ္မ+ကမ္မဆို၍ တက်လည်း အမှတ်ပေးပါသည်။**

၃။ **(မေး)** (က)ဝါကျကို ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

**(ဖြေ)** **(က)ဝါကျ စောဒကာဘောဂါဒိစတုက္က**

(၁) နနု ဧဝံ ပဋ္ဌမေန နယေန မနောပဒေါသော နိဝါရိတော။ (စောဒကာဘောဂ) **(၃-မှတ်)**

(၂) အထ ကသ္မာ "တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော"တိ အာဟ။ (စောဒနာ) **(၂-မှတ်)**

(၃) ဒုတိယေန နယေန တတ္ထ အာဒီနဝံ ဒဿေန္တော။ (အန္တပစ္စည်း ဟိတ်အနက်) (ဒဿေန္တုတ္တာ-ဟုလည်း ပြင်၍ထားနိုင်၏။) (ပရိဟာရာဘောဂ) **(၃-မှတ်)**

(၄) "တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော" တိ အာဟ။ (ပရိဟာရ) **(၂-မှတ်)**

**မှတ်ချက်။** ပရိဟာရာဘောဂကို နနု (သို့မဟုတ်) ယသ္မာနှင့် ရေး၍ ပရိဟာရကို တသ္မာ-နှင့် ရေးလျှင် လည်း မှန်ကန်ပါက အမှတ်ပေးပါသည်။)

**ဒဿေန္တော အာဟ-ဝါကျ ဖြစ်သောကြောင့် အာဟ ကြိယာ မပါလျှင် အမှတ်ပြည့် မပေးပါ။**

၄။ **(မေး)** ကုပိတာ-ကို ဝစနတ္တပြု၍ ဝစနာဒိဆက္ကဖြင့် ဝေဘန်ခဲ့ပါ။

**(ဖြေ)** **ကုပ္ပန္တီတိ ကုပိတာ** **(၄-မှတ်)**

(ကုပ္ပတီတိ ကုပိတော-ဟု ဧကဝုစ်ဖြင့် ဝစနတ္တပြုလျှင်လည်း ပေးပါသည်။)

(၁) ကုပိတာ-ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစနမည်၏။

(၂) ကုပ္ပန္တိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္တမည်၏။

(၃) အမျက်ထွက်ခြင်း(စိတ်ဆိုးခြင်း) ကြိယာသကတ်သည် ဝစနဟေတုမည်၏။

(၄) က္တတိ-သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။

(၅) အမျက်ထွက် (စိတ်ဆိုး) သောပုဂ္ဂိုလ်ဒြဗ်သည် ဝစနီယမည်၏။

(၆) ကုဒ္ဓါ (ကောပါ) စသော ပရိယာယ်ပုဒ်အပေါင်းသည် ဝစနီယတ္ထမည်၏။

**(၁-မှတ်စီ-၆-မှတ်)**

၅။ **(မေး)** (က)ဝါကျလာ ဒသောန္တော-ကို ဟိတ်ပြင်၍ ယင်း၏ သမွန်ခံပြီးလျှင် ဖြစ်သင့်သည်အားလျော်စွာ စာစပ်ခဲ့ပါ။

**(ဖြေ)** **"ဟိတ်ပြင်, သမွန်ခံ, စာစပ်"**

(က)ဝါကျလာ ဒသောန္တော-ကို **"ဒသောန္တတ္တာ"**ဟု ဟိတ်ပြင်၍ **(၂-မှတ်)**

ယင်း၏သမွန်ကို **"ဘဂဝတော"**ဟု ခံရမည်။ **(၃-မှတ်)**

ဘဂဝတော-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် ဒသောန္တတ္တာ-ဝယ် ဒသောန္တ-ဟူသော ဘာဝ ယောဂပုဒ်၌ (တုလျက်, ဝါစ္စ) ကတ္တား၊

ဒသောန္တ-ဟူသော ဘာဝယောဂပုဒ်ကား (လိင်္ဂတ်, ဝါစက) ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။

**(၃-မှတ်)**

**(တစ်နည်း)** ဘဂဝတော-ကား "၏"ဟူ၍ အနက်ပေးသောကြောင့် ဒသောန္တောတ္တာ-ဝယ် တ္တ-ပစ္စည်း၌ (ဂုဏီ, သတ္တိမန္တဖြစ်သော) သမွန်၊

တ္တ-ပစ္စည်းကား (ဂုဏ်, သတ္တိဖြစ်သော) သမ္ဗန္ဓီအဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

၆။ **(မေး)**, (ခ၊ ဂ)ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ် ဖော်ပြခဲ့ပါ။

**(ဖြေ)** (ခ) တေသု အဝဏ္ဏာဘာသကေသု-ဖြင့် တတြ-၌ တ-သဒ္ဒါဖြင့် အဝဏ္ဏာဘာသကပုဂ္ဂိုလ်တို့ကို စွဲယူသုံး သပ်ရမည်၏အဖြစ်ကိုလည်းကောင်း (သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ)၊

တြ-ပစ္စည်း၏ သတ္တမီအနက် (ဝါ)အာဓာရအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ပစ္စယတ္ထ, ဝိဘတျတ္ထသံဝဏ္ဏနာ) သိစေသည်။ **(၂-မှတ်)**

(ဂ) တသ္မိံ အဝဏ္ဏေ-ဖြင့် တတြ-၌ တ-သဒ္ဒါဖြင့် အဝဏ္ဏ(အပြစ်ပြောခြင်းကြိယာ)ကို စွဲယူသုံးသပ်ရမည်၏အဖြစ်ကိုလည်းကောင်း (သဗ္ဗနာမလိင်္ဂတ္ထသံဝဏ္ဏနာ)၊

တြ-ပစ္စည်း၏ နိမိတ်အနက် (ဝါ)ဘာဝေနဘာဝလက္ခဏအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ပစ္စယတ္ထ, ဝိဘတျတ္ထသံဝဏ္ဏနာ) သိစေသည်။ **(၃-မှတ်)**

ဝါ-သဒ္ဒါဖြင့် ဝိကပ္ပနတ္ထဇောတကအဖြစ်ကို သိစေသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) **(၁-မှတ်)**

တုမှေ ဘဝေယျာထ ॥ပ॥ အတ္တော-ဖြင့် အဿထ-၌ အသဓာတ်၏အဖြစ်ကိုလည်းကောင်း (ဓာတုပဒ သံဝဏ္ဏနာ)၊ **(၁-မှတ်)**

ဧယျာထ-ဝိဘတ်၏အဖြစ်ကိုလည်းကောင်း (ဒုတိယဝိဘတ္တိပဒသံဝဏ္ဏနာ)၊ **(၁-မှတ်)**

ဧယျာထ-ဝိဘတ်နှင့်တကွ ဓာတွန် သ-ကို ဿထ-ပြုထားသည်၏အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ သံဝဏ္ဏနာ)၊ **(၁-မှတ်)**

စေ-နိပါတ်ပုဒ်၏ ယဒိ-သဒ္ဒါ၏ ပရိယာယ်၏အဖြစ်ကိုလည်းကောင်း (ပရိယာယ်ပြအဘိဓေယျတ္ထ,) (တစ်နည်း) စေ-နိပါတ်ပုဒ်၏ ယဒိအနက် ဟောသည်၏အဖြစ်ကိုလည်းကောင်း) နိပါတလိင်္ဂတ္ထ သံဝဏ္ဏနာ) သိစေပါသည်။ **(၁-မှတ်)**

၇။ **(မေး)** နံပါတ်(၉)ပုစ္ဆာလာ"ဘဂဝါ"ပုဒ်၏ နိရုတ္တိနည်း ရုပ်ပြီးပုံကို ကိတန္တသမာသ်ပုဒ်အနေအားဖြင့်သာ ဖော်ပြခဲ့ပါ။

**(ဖြေ)** **"ဘဂဝါ-ပုဒ်၏ ကိတန္တသမာသ်ပုဒ်အနေအားဖြင့် နိရုတ္တိနည်း ရုပ်ပြီးပုံ"**
ဘဝန္တ-သဒ္ဒူပပဒ+ဂမုဓာတ်+ကွိပစ္စည်းဖြင့် "ဘဝန္တဂေါ"ဟု ဆိုလိုလျက် န္တ-ကို ချေခြင်း (ဝဏ္ဏလောပ နိရုတ္တိနည်း) **(၄-မှတ်)**
ဝနှင့် ဂ-ကို ရှေ့နောက်ပြန်ခြင်း (ဝဏ္ဏဝိပရိယာယနိရုတ္တိနည်း)၊ **(၄-မှတ်)**
ဩ-ကို အာ-ပြုခြင်း (ဝဏ္ဏဝိကာရနိရုတ္တိနည်း)ဖြင့် "ဘဂဝါ"ဟု ပြီးပါသည်။ **(၂-မှတ်)**

၈။ **(မေး)** တုမှံယေဝသ တေန အန္တရာယော-၌ မည်သည့်အရာတို့၏ အန္တရာယ်ဖြစ်နိုင်သည်ကို ဖော်ပြ၍ ဗုဒ္ဓကိစ္စ (၅)မျိုးကိုလည်း ဖြေဆိုခဲ့ပါ။

**(ဖြေ)** (က) ပဌမဈာန်စသည်တို့၏ (ပဌမဈာန်စသည်တို့ကို ရခြင်း၏) အန္တရာယ်ဖြစ်နိုင်ပါသည်။
(ဒီ-၁၊ ၄၊ ၅၂) **(၅-မှတ်)**
(ခ) ဗုဒ္ဓကိစ္စငါးပါး=
ပုရေဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမကိစ္စ, မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စအားဖြင့် (၅)ပါးတို့ ဖြစ်ပါသည်။ (ဒီ-၁၊ ၄၊ ၄၆) **(၅-မှတ်)**

၉။ **(မေး)** ဘဂဝါတိ ဝစနံ သေဋ္ဌံ၊ ဘဂဝါတိ ဝစနမုတ္တမံ။
ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ-ဟူသောဂါထာကို ဆန်းစစ်၍ ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

**(ဖြေ)** (၁) ဘဂဝါတိ-စသော ဂါထာသည် (လျင်မြန်စွာ ရွတ်ဆိုနိုင်သော ပဌမပါဒ၌ ဘဂ-ကိုလည်းကောင်း, ဒုတိယပါဒ၌ ဘဂကိုလည်းကောင်း, ဝစ-ကိုလည်းကောင်း ပေါင်း၍ လဟုတစ်လုံးတည်း ယူပြီးလျှင် ဆန်းစစ်ရမည်ဖြစ်သည့်အတွက်) အက္ခရာရှစ်လုံးစီရှိသော လေးပါဒလုံး၌ အစအက္ခရာ တစ်လုံးနောင် သ-ဂိုဏ်း, နဂိုဏ်း မရှိခြင်း၊
(၂) ဝိသမပါဒ အစအက္ခရာလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း၊
(၃) သမပါဒ အစအက္ခရာလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း
ဤလက္ခဏာတို့နှင့် ပြည့်စုံသောကြောင့် "ပထျာဝတ္တဂါထာ" ဖြစ်၏။ **(၈-မှတ်)**
အက္ခရာရှစ်လုံးဖွဲ့အတွင်း၌ သွင်းယူရသောကြောင့် "အနုဋ္ဌုဘဆန်း" ဖြစ်ပါသည်။ **(၂-မှတ်)**
**မှတ်ချက်။ ကွင်းခတ်ထားသော စကားလုံးများ မပါသော်လည်း အမှတ်ပေးပါသည်။**

၁၀။ **(မေး)** (က)ဝါကျလာ ပဓာနကြိယာပုဒ်၏ အန္တတ္ထအရတရားကို ကိုယ်ပြု၍ ဘာဝစသည် စုံလင်စွာ ထုတ်ပြခဲ့ပါ။

**(ဖြေ)** (က) အာဟ-ကြိယာ၏ အန္တတ္ထအရ-မြတ်စွာဘုရား၏သန္တာန်၌ဖြစ်သော မဟာကရုဏာ ရှေးရှိသော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။ **(၂-မှတ်)**
(၁) ယင်းစိတ္တုပ္ပါဒ်သည် **ဓမ္မရတိဋ္ဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသ**မည်၏။ **(၂-မှတ်)**

(၂) "တတြေ စေ တုမှေ အသဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ၊ တုမှံယေဝဿ တေန အန္တရာယော" ဟူသော(မနသာဝဝတ္ထပိတသဒ္ဒ)ပါဠိတော်သည် **အာရမ္မဏဝိဘာဝ**မည်၏။ **(၂-မှတ်)**

(၃) မနောပဒေါသ၌ အပြစ်ကို ပြတော်မူလိုခြင်းသည်လည်းကောင်း, ဒေသကဖြစ်သော ဘုရားရှင်သည်လည်းကောင်း, ဓမ္မပဋိဂ္ဂါဟကဖြစ်သော ရဟန်းတော်တို့သည်လည်းကောင်း, သုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါး၏အပြစ်ကို ပြောခြင်းစသည်တို့သည်လည်းကောင်း **ဥဒ္ဒိဋ္ဌပနဝိဘာဝ**မည်၏။ **(၂-မှတ်)**

(၄) ဓမ္မပဋိဂ္ဂါဟကဖြစ်သော ရဟန်းတော်တို့၏ မနောပဒေါသ(ဒေါသ,ဒေါမနဿ) မဖြစ်အောင် စောင့် စည်းထိန်းသိမ်းနိုင်ခြင်း, ဈာန်မဂ်ဖိုလ်တို့၏အန္တရာယ် မဖြစ်ခြင်း, နောင်လာနောက်သားတို့ ဒိဋ္ဌာနုဂတိ ဖြစ်၍ လိုက်နာကျင့်သုံးခြင်း, သုဂတိ,နိဗ္ဗာန်သို့ ရောက်ရခြင်းစသော ဒိဋ္ဌဓမ္မိကအကျိုး, သမ္ပရာယိက အကျိုးတို့သည် **အနုဘာဝ**မည်၏။ **(၂-မှတ်)**

-------------------

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အစိုးရဓမ္မာစရိယစာမေးပွဲ

**စာစစ်တန်းရိုးရိုး ။ ။ သီလက္ခန္ဓဝဂ္ဂပါဠိ+အဋ္ဌကထာ (ဒုတိယနေ့)**

၁၃၈၂-ခုနှစ်၊ ပထမဝါဆိုလဆုတ်(၈)ရက် (၁၂-၇-၂၀၂၀) တနင်္ဂနွေနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန် အချက်။ စာဖြေချိန် ၂-နာရီပြည့်မှ စာမေးပွဲခန်းမှ ထွက်ခွာရန်)

==================================

(က) **"န အာဃာတော"**တိအာဒီဟိ ကိဥ္စာပိ တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ၊ အထ ခေါ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော ဓမ္မနေတ္တိံ ဌပေတိ။

(ခ) တတ္ထ အာဟနတိ စိတ္တန္တိ **အာဃာတော**၊

(ဂ) ကောပဿေတံ အဓိဝစနံ။

၁။ **(မေး)** (က)ဝါကျကိုသာ ပါဌာနုသာရီနည်းအားဖြင့် အနက်ယောဇနာခဲ့ပါ။

**(ဖြေ)** "န အာဃာတော"တိအာဒီဟိ၊ "န အာဃာတော"အစရှိသောစကားရပ်တို့ဖြင့်။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့၏။ အာဃာတောယေဝ၊ အာဃာတသည်ပင် (ဝါ) ရန်ငြိုးဖွဲ့တတ်သော ဒေါသသည်ပင်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိပါပေ။ အထ ခေါ၊ ထိုသို့ပင်မရှိပါသော်လည်း။ အာယတိံ၊ နောင်အခါ၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့၏။ ဤဒိသေသု၊ ဤကဲ့သို့ ရှုအပ်ကုန်သော (ဤသို့ ရတနာသုံးပါးနှင့်စပ်ကုန်သော)။ ဌာနေသုပိ၊ အရာတို့၌သော်မှလည်း။ အကုသလုပ္ပတ္တိံ၊ အကုသိုလ်၏ ဖြစ်ခြင်းကို။ ပဋိသေဓေန္တော၊ တားမြစ်တော်မူလိုသည်၏ အဖြစ်ကြောင့်။ ဓမ္မနေတ္တိံ၊ တရားတည်းဟူသော နည်းဥပဒေသကို (ဝါ) သဒ္ဓမ္မသို့ဆောင်တတ်သောတရားကို။ ဌပေတိ၊ ထားတော်မူ၏။ **(ဘာဋီ-၁၊၃၂၅)**

**(တစ်နည်း)** "န အာဃာတော"တိအာဒီဟိ၊ "န အာဃာတော"အစရှိသောပါဌ်တို့ဖြင့်။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ အာဃာတောယေဝ၊ အမျက်သည်ပင်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိ၏ရှင့်။ အထ ခေါ၊ ထိုသို့ပင်မရှိပါသော်လည်း။ အာယတိံ၊ နောင်အခါ၌။ ကုလပုတ္တာနံ၊ ကောင်းသောအကျင့် ရှိကုန်သော အမျိုးသားတို့အား။ ဤဒိသေသု၊ ဤသို့သဘောရှိကုန်သော။ ဌာနေသုပိ၊ အရာတို့၌လည်း။ အကုသလုပ္ပတ္တိံ၊ အကုသိုလ် ဖြစ်ခြင်းကို။ ပဋိသေဓေန္တော၊ တားမြစ်တော်မူလိုသည်ဖြစ်၍။ ဓမ္မနေတ္တိံ၊ တရားတည်း ဟူသောမျက်စိကို (ဝါ) တရားတည်းဟူသောကြိုးကို။ ဌပေတိ-ထားတော်မူ၏။

**(ပဒတ္ထ-၁၊၁၇၇)** **မည်သည့်နိဿယဖြင့် ဖြေဖြေ ၁၀-မှတ်**

၂။ **(မေး)** (ဂ) ဝါကျသို့ ဥပနာတိကစောဒနာ ကျမ်းတက်ပြခဲ့ပါ။

**(ဖြေ) (ဂ) ဥပနာတိကစောဒနာတက်**

အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ခ)ဝါကျဖြင့် အာဃာတော-ဟူသောပုဒ်၏ ဝိဂ္ဂြိုဟ်ဝစနတ္ထ အဘိဓာနတ္ထကို ဖွင့်ဆိုတော်မူ၏။ (ဥပနာ) **၃-မှတ်**

ယင်း၏ အဘိဓေယျတ္ထကိုလည်း ဖွင့်ဆိုသင့်သည် မဟုတ်ပါလော၊ (အာဘော်) **၃-မှတ်**

ယင်း၏ အဘိဓေယျတ္ထကား အဘယ်ပါနည်း? (စောဒနာ) **၂-မှတ်**

ဤသို့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို သောနောလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကို မိန့်တော်မူ၏။

**အဓိပ္ပါယ်ကား** - "အာဃာတော-ဟူသောပုဒ်၏ အဘိဓေယျတ္ထကား ကောပ(ဝါ) ဒေါသဖြစ်၏"ဟူ၍ (ဂ)ဝါကျဖြင့် ပြဆိုထား၏ဟူလို။ **၂-မှတ်**

**(တစ်နည်း)** အရှင်အဋ္ဌကထာဆရာ၊ ဆရာသည် (ဂ)ဝါကျဖြင့် အာဃာတော-ဟူသောပုဒ်ကို "အာဟနတိ စိတ္တန္တိ အာဃာတော"ဟု ဝစနတ္ထပြုရမည်၏အဖြစ်ကို ဖွင့်ဆိုတော်မူ၏။ အာဃာတော-အရ လောဘစသော ကိလေသာ(အကုသိုလ်)အားလုံးကို ကောက်ယူရပါမည်လော။ အဘယ်ကို အရကောက်ယူရပါမည်နည်း? ဤသို့စောဒနာ ဘွယ်ရှိ၍ ထိုစောဒနာကို သောနောလိုသော အဋ္ဌကထာဆရာသည် (ဂ)ဝါကျကို မိန့်တော်မူ၏။

**အဓိပ္ပါယ်ကား** - "အာဃာတော-အရ ကောပ (ဝါ) ဒေါသကိုသာ ကောက်ယူရမည်ဟူလို။

**မှတ်ချက်။ ။ တစ်နည်းနည်းမှန်က အမှတ်ပေးပါသည်။**

၃။ **(မေး)** (က)ဝါကျကို ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

**(ဖြေ) (က)စောဒကာဘောဂါဒိစတုက္က**

၁။ နနု တေသံ ဘိက္ခူနံ အာဃာတောယေဝ နတ္ထိ။ (စောဒကာဘောဂ) **၃-မှတ်**

၂။ အထ ကသ္မာ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။ (စောဒနာ) **၂-မှတ်**

၃။ အာယတိံ ကုလပုတ္တာနံ ဤဒိသေသုပိ ဌာနေသု အကုသလုပ္ပတ္တိံ ပဋိသေဓေန္တော။ (ပဋိသေဓေန္တတ္တာ-ဟုလည်း ထားနိုင်၏။) (ပရိဟာရာဘောဂ) **၃-မှတ်**

၄။ "န အာဃာတော"တိအာဒီဟိ ဓမ္မနေတ္တိံ ဌပေတိ။ (ပရိဟာရ) **၂-မှတ်**

**မှတ်ချက် - ပရိဟာရာဘောဂ, ပရိဟာရတို့၌ "နနု, ယသ္မာ, တသ္မာ"တို့ဖြင့် ရေးလည်း အမှတ် ပေးပါသည်။**

၄။ **(မေး)** (က) ဝါကျလာ ဓမ္မနေတ္တိံ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္ကဖြင့် ဝေဘန်ခဲ့ပါ။

**(ဖြေ) ဓမ္မောယေဝ နေတ္တိ ဓမ္မနေတ္တိ။** **၄-မှတ်**

၁။ ဓမ္မနေတ္တိ-ဟူသော နိပ္ဖန္နပုဒ်သည် ဝစနမည်၏။

၂။ ဓမ္မောယေဝ နေတ္တိ-ဟူသော ဝိဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

၃။ တရား၏+နည်းဥပဒေသနှင့် (ဝါ)မျက်စိနှင့် (ဝါ)ကြိုးနှင့် ဂုဏ်+ဂုဏအားအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဝစနဟေတုမည်၏။

၄။ ဣတ္ထိ-သဒ္ဒါ မပါသောကြောင့် ဝစနဟေတုဇောတက မရ။

၅။ တရားဟူသောနည်းဥပဒေသ (ဝါ)မျက်စိ (ဝါ)ကြိုးဟူသော အနက်ဒြပ်သည် ဝစနီယမည်၏။

၆။ ဓမ္မနီတိ (ဓမ္မပဒေသော)စသော ပရိယာယ်ပုဒ်အပေါင်းသည် ဝစနီယတ္ထမည်၏။

**၁-မှတ်စီ၊ ၆-မှတ်**

၅။ **(မေး)** (က)ဝါကျလာ ပဋိသေဓေန္တော-ကို ဟိတ်ပြင်၍ ယင်း၏သမ္ဗန်ခံပြီးလျှင် ဖြစ်သင့်သလို စာစပ်ပြခဲ့ပါ။

**(ဖြေ)** ပဋိသေဓေန္တော-ကို ပဋိသေဓေန္တတ္တာ-ဟူ၍ ဟိတ်ပြင်ရမည်။ **၂-မှတ်**

ယင်းသမ္ဗန်ကို ဘဂဝတော-ဟူ၍ ခံရမည်။ **၃-မှတ်**

**(စာစပ်)** ဘဂဝတော-ကား ၏-ဟူ၍ အနက်ပေးသောကြောင့် ပဋိသေဓေန္တတ္တာ-ဝယ် တ္တ-ပစ္စည်း၌ (ဂုဏီ,သတ္တိမန္တဖြစ်သော)သမ္ဗန်၊တ္တ-ပစ္စည်းကား(ဂုဏ်,သတ္တိဖြစ်သော)သမ္ဗန္ဓီ။ **၂-မှတ်**

**(တစ်နည်း)** ဘဂဝတော-ကား သည်-ဟူ၍ အနက်ပေးသောကြောင့် ပဋိသေဓေန္တတ္တာ-ဝယ် ပဋိသေဓေန္တ-ဟူသော ဘာဝယောဂပုဒ်၌ (တုလျတ်,ဝါစ္စ) ကတ္တား၊ ပဋိသေဓေန္တ-ဟူသော ဘာဝယောဂပုဒ်ကား (လိင်္ဂတ်,ဝါစက) ကတ္တီအဖြစ်ဖြင့် စပ်အပ်၏။ **၃-မှတ်**

၆။ **(မေး)** (ခ)(ဂ)ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ)** (ခ) တတ္ထ အာဟနတိ စိတ္တန္တိ-ဖြင့် အာဃာတော-ဝယ် အာ-ပုဗ္ဗ, ဟန-ဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒုတိယဓာတုပဒသံဝဏ္ဏနာ)
ဏ-ပစ္စည်း၏အဖြစ်ကိုလည်းကောင်း (ဒုတိယပစ္စယပဒသံဝဏ္ဏနာ)
ယင်း ဏ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း (ဒုတိယပစ္စယတ္ထ)
အာဃာတော-ကို "အာဟနတီတိ အာဃာတော"ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်၏ အဖြစ်ကိုလည်း ကောင်း (အဘိဓာနတ္ထသံဝဏ္ဏနာ)
ညှဉ်းဆဲ၏-ဟူသည် စိတ်ကို ညှဉ်းဆဲတတ်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေပါသည်။ **(သင့်လျော်သလို အမှတ်ပေးပါ) ၈-မှတ်**

(ဂ) ဝါကျဖြင့် အာဃာတော-အရ ကောပကို (ဝါ) ဒေါသကို အရကောက်ရမည်၏အဖြစ်ကို သိစေပါသည်။ (သရုပ်ကြားအဘိဓေယျတ္ထသံဝဏ္ဏနာ) **၂-မှတ်**

၇။ **(မေး)** (က) ဝါကျလာ ဤဒိသ-ပုဒ်, နေတ္တိ-ပုဒ်တို့၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။

**(ဖြေ)** ဤဒိသ-ကား က္လမသဒ္ဒူပပဒ+ဒိသဓာတ်+ကွိ-ပစ္စည်းဖြစ်၍ ကွိ-ပစ္စည်းကို ချေခြင်း ဝဏ္ဏလောပ(ဝဏ္ဏနာသ) နိရုတ္တိနည်း, က္လမ-ကို က္လ, ၎င်းက္လ-ကို ဤ-ဒီဃပြုခြင်း (ဓာတွန် သ-ကို သ-ထပ်ပြုခြင်း)ဝဏ္ဏဝိကာရနိရုတ္တိနည်းဖြင့် ဤဒိသ-ဟု ရုပ်ပြီးပါသည်။**၅-မှတ်**
နေတ္တိ-ကား နီဓာတ်+တိ-ပစ္စည်းဖြစ်၍ နီ-၏ ဤကို ဧ-ဝုဒ္ဓိပြုခြင်း ဝဏ္ဏဝိကာရနိရုတ္တိနည်း, သဒိသ ဒွေးဘော် တ-လာခြင်း ဝဏ္ဏာဂမနိရုတ္တိနည်းဖြင့် နေတ္တိ-ဟု ရုပ်ပြီးပါသည်။
**၅-မှတ်**

၈။ **(မေး)** အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာအဖွင့်နှင့်အညီ ရေးခဲ့ပါ။

**(ဖြေ)** ခန္ဓာ, ဓာတ်, အာယတနစသည်တို့၌ သင်ယူခြင်း အဖန်ဖန်မေးမြန်းခြင်း ကြားနာခြင်း ဆောင်ရွက် မှတ်သားခြင်း ဆင်ခြင်ခြင်း မရှိသောပုထုဇဉ်သည် အန္ဓပုထုဇဉ်မည်၏။ **၅-မှတ်**

ခန္ဓာ, ဓာတ်, အာယတနစသည်တို့၌ သင်ယူခြင်း အဖန်ဖန်မေးမြန်းခြင်း ကြားနာခြင်း ဆောင်ရွက် မှတ်သားခြင်း ဆင်ခြင်ခြင်း ရှိသောပုထုဇဉ်သည် ကလျာဏပုထုဇဉ်မည်၏။ **(၄၅-၅၉) ၅-မှတ်**

၉။ **(မေး)** (က) ဝါကျလာ "အထ ခေါ"စသော ဒုတိယဝါကျကိုသာ အဓိပ္ပါယ်မပျက်စေမူ၍ ဝတ္တမျိုး ဂါထာ စီကုံးပြီး ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

**(ဖြေ)** အာယတိံ ကုလပုတ္တာနံ၊
ဠာနေသုံ ဤဒိသေသုပိ။
ပါပုပ္ပတ္တိံ နိသေဓေန္တော၊
ဓမ္မနေတ္တိံ ဌပေတိ သော။ **၈-မှတ်**
ပထျာဝတ္တဂါထာ, အနုဋ္ဌုဘဆန်းဖြစ်ပါသည်။ **၂-မှတ်**
**(အခြားဂါထာများ စီကုံးလျှင်လည်း စည်းကမ်းနှင့်ညီက အမှတ်ပေးပါသည်)**

၁၀။ **(မေး)** (က) ဝါကျလာ ဌပေတိ-၌ အန္တတ္ထအရတရားကို ကိုယ်ပြု၍ ဘာဝ-စသည် စုံလင်စွာ ထုတ်ပြခဲ့ပါ။

**(ဖြေ)** (က) ဌပေတိ-၌ အန္တတ္ထအရ-မြတ်စွာဘုရား၏ သန္တာန်၌ဖြစ်သော မဟာကရုဏာရှေးရှိသော ဒေသနာ ဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ် ရ၏။

(ခ) ယင်းစိတ္တုပ္ပါဒ်သည် **ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂီရရသ**မည်၏။

(ဂ) "န အာယာတော"အစရှိသော တရားနည်းဥပဒေသ(ပါဠိတော်)သည် **အာရမ္မဏ ဝိဘာဝ**မည်၏။

(ဃ) ဒေသကဖြစ်တော်မူသော ဘုရားရှင်သည်လည်းကောင်း, နောင်လာနောက်သားတို့၏ ဤကဲ့သို့ ရတနာသုံးပါးနှင့် စပ်သောအရာတို့၌ အကုသိုလ်ဖြစ်ခြင်းကို တားမြစ်တော်မူလိုခြင်းသည် လည်းကောင်း, ဓမ္မပဋိဂ္ဂါဟကရဟန်းတို့သည် လည်းကောင်း **ဥဒ္ဒိဋ္ဌပနဝိဘာဝ** မည်၏။

(င) ဓမ္မနေတ္တိကို ထားတော်မူသဖြင့် ဓမ္မပဋိဂ္ဂါဟကရဟန်းတို့၏ အာဃာတ-စသော အကုသိုလ်များ မဖြစ်ခြင်း, ကာယိကသုခ,စေတသိကသုခဖြစ်ခြင်း, နောင်လာနောက်သားတို့ ဒိဋ္ဌာနုဂတိဖြစ်၍ ဒိဋ္ဌဓမ္မိက ဟိတသုခ, သမ္ပရာယိကဟိတသုခတို့ကို ရရှိခြင်းစသော အကျိုးအဆက်ဆက်သည် **အနုဘာဝ**မည်၏။

**(သင့်လျော်သလို အမှတ်ပေးနိုင်ပါသည်။)** **၂-မှတ်စီ၊ ၁၀-မှတ်**

----------------------------

**ဓမ္မာစရိယစာမေးပွဲ**

**သီလက္ခန္ဓဝဂ္ဂပါဠိ+အဋ္ဌကထာ။ ။ဒုတိယနေ့မေးခွန်း**

၁၃၈၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၀)ရက် (၄-၆-၂၀၂၁) သောကြာနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန်အချက်။ ။စာဖြေချိန် ၂-နာရီပြည့်မှ စာဖြေခန်းအတွင်းမှ ထွက်ခွာရန်)

**စာချတန်းရိုးရိုး**

(က) **ကမ္မေ စ ဥပမုကမ္မေ စာတိ ဇတ္ထ ပနဿ ကာယကမ္မဥ္စ ဝစီကမ္မဥ္စ ကမ္မန္တိ လဒ္ဓိ၊ မနောကမ္မံ ဥပမုကမ္မန္တိ။**

(ခ) **ဒွဋ္ဌိပဋိပဒါတိ ဒွါသဋ္ဌိ ပဋိပဒါတိ ဝဒတိ။**

(ဂ) **ဒွဋ္ဌန္တရကပ္ပါတိ ကေသွိံ ကပ္ပေ စတုသဋ္ဌိ အန္တရကပ္ပါ နာမ ဟောန္တိ။**

(ဃ) အယံ ပန အညေ ဒွေ အဇာနန္တော ဇေဝမာဟ။

၁။ (က) (ဂ) (ဃ) ဝါကျတို့ကို နိပါတ်, သဗ္ဗနာမ်ပုဒ်တို့၏ အစွဲများ မလွဲစေဘဲ အနက်ယောဇနာခဲ့ပါ။

၂။ (ဃ) ဝါကျသို့ လီနတ္ထရစောဒနာနည်းဖြင့် ကျမ်းတက်ပြခဲ့ပါ။

၃။ (ဂ) (ဃ) ဝါကျတို့ကို ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

၄။ (က) ဝါကျလာ လဒ္ဓိ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ဝေဖန်ပြခဲ့ပါ။

၅။ (ဃ) ဝါကျလာ အဇာနန္တော-ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် ယင်း၏သမ္ဗန်ကို အနက်အားလျော်စွာ စာစပ်ပြခဲ့ပါ။

၆။ (က)(ခ) (ဂ) ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ် ဖော်ပြခဲ့ပါ။

၇။ (က) ဒွဋ္ဌိပဋိပဒါ၊ (ခ) ဒွဋ္ဌန္တရကပ္ပါ-ပုဒ်တို့၏ နိရုတ္တိနည်းတို့ဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။

၈။ ဒေသေဿာမိ, ဘာသိဿာမိ-ပုဒ်နှစ်ခုတို့၏ အထူးကို ရေးပြီးလျှင် သာသနာတော်၏ အစ, အလယ်, အဆုံးတို့ကိုလည်း အဋ္ဌကထာလာအတိုင်း ဖော်ပြခဲ့ပါ။

၉။ အည့် ဥပ္ပဇ္ဇတေ စိတ္တံ၊ အည့် စိတ္တံ နိရုဇ္ဈတိ။
အဝီစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ-ဟူသော ဂါထာကို ဆန်းစစ်ပြပြီးလျှင် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

၁၀။ (ဃ) ဝါကျလာ ပဓာနကြိယာပုဒ်၏ အန္တတ္ထအရတရားကို ကိုယ်ပြု၍ ဘာဝစသည် စုံလင်စွာ ထုတ်ပြခဲ့ပါ။

**တစ်ပုဒ်စွာလျှင် (၁၀)မှတ်စီ**

**(မေးခွန်းစာရွက်ပေါ်တွင် ခုံအမှတ်မှတစ်ပါး မည်သည့်စာမျှ မရေးရ)**

**ဓမ္မာစရိယစာမေးပွဲ**

**သီလက္ခန္ဓဝဂ္ဂပါဠိ+အဋ္ဌကထာ။ ။ဒုတိယနေ့မေးခွန်းနှင့်အဖြေ**

၁၃၈၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၀)ရက် (၄-၆-၂၀၂၁) သောကြာနေ့

================================

၁။ (က) (ဂ) (ဃ) ဝါကျတို့ကို နိပါတ်, သဗ္ဗနာမ်ပုဒ်တို့၏ အစွဲများ မလွဲစေဘဲ အနက်ယောဇနာခဲ့ပါ။

(အဖြေ) (က) ကမ္မေ စ ဥပမုကမ္မေ စာတိ ဧတ္ထ ပန၊ ကမ္မေ စ ဥပမုကမ္မေ စ-ဟူသောဤပါဌ်၌ကား။ **အဿ၊** ထိုမက္ခလိဂေါသာလ၏။ ကာယကမ္မဥ္စ၊ ကာယကံသည်လည်းကောင်း။ ဝစီကမ္မဥ္စ၊ ဝစီကံသည်လည်း ကောင်း။ ကမ္မံ၊ ကံမည်၏။ ဣတိ၊ ဤသို့။ လဒ္ဓိ၊ အယူသည်။ ဟောတိ၊ ဖြစ်၏။ မနောကမ္မံ၊ မနောကံ သည်၊ ဥပမုကမ္မံ၊ ထက်ဝက်သောကံမည်၏။ ဣတိ၊ ဤသို့။ လဒ္ဓိ၊ အယူသည်။ ဟောတိ၊ ဖြစ်၏။

(ဂ) ဒွေဥ္စန္တရကပ္ပါတိ၊ ဒွေဥ္စန္တရကပ္ပါဟူသည်ကား။ ဧကသ္မိံ ကပ္ပေ၊ တစ်ခုသောမဟာကပ်၌။ စတုသဋ္ဌိ အန္တရကပ္ပါ နာမ၊ ခြောက်ဆယ့်လေးပါးကုန်သော အန္တရကပ်မည်သည်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဃ) **အယံ** ပန မက္ခလိဂေါသာလော၊ ဤမက္ခလိဂေါသာလသည်ကား။ အညေ၊ အခြားကုန်သော။ ဒွေ အန္တရကပ္ပေ၊ နှစ်ပါးသောအန္တရကပ်တို့ကို။ အဇာနန္တော၊ မသိသည်ဖြစ်၍။ **ဧဝံ၊** ဤသို့ ဒွဥ္စန္တရကပ္ပါ ဟူ၍။ အာဟ၊ ဆို၏။

**(က) အဿ-အစွဲ ၂-မှတ်။ (ဃ) အယံ-အစွဲ ၂-မှတ်။ ဧဝံ-အစွဲ ၂-မှတ်။ ကြွင်း ၄-မှတ်)**

၂။(ဃ) ဝါကျသို့ လီနတ္ထရစောဒနာနည်းဖြင့် ကျမ်းတက်ပြခဲ့ပါ။

(အဖြေ) **(ဃ) ဝါကျသို့ လီနတ္ထရစောဒနာတက်**

အရှင်အဋ္ဌကထာဆရာ မက္ခလိဂေါသာလသည် ပါဠိတော်၌ ဒွဥ္စန္တရကပ္ပါဟု ဆို၏။ **(၃-မှတ်)** တစ်ခုသော အသင်္ချေယျကပ်၌ ခြောက်ဆယ့်လေးပါးသော အန္တရကပ်တို့ ရှိကုန်ရာသည် မဟုတ်ပါ လော **(တစ်နည်း)** တစ်ခုသော အသင်္ချေယျကပ်၌ ခြောက်ဆယ့်လေးပါးသော အန္တရကပ်တို့ ရှိကုန် သည်ဖြစ်၍ စတုသဋ္ဌိ အန္တရကပ္ပါဟု ဆိုသင့်သည်မဟုတ်ပါလော။ **(၃-မှတ်)**

ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် မက္ခလိဂေါသာလသည် ပါဠိတော်၌ ဒွဥ္စန္တရကပ္ပါ-ဟု ဆိုအပ်ပါသ နည်း။ **(၁-မှတ်)**

ဤသို့ လီနတ္ထရစောဒနာနည်းဖြင့် စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို **သောဓနာတော်မူလိုသော အဋ္ဌက** ထာဆရာသည် (ဃ) ဝါကျကို မိန့်တော်မူ၏။ **(၁-မှတ်)**

**အဓိပ္ပါယ်ကား** (ဃ) ဝါကျဖြင့် တစ်ခုသော အသင်္ချေယျကပ်၌ ခြောက်ဆယ့်လေးပါးသော အန္တရကပ် တို့ ရှိပါသော်လည်း ထိုမှတပါး နှစ်ပါးသောအန္တရကပ်တို့ကို မသိသောကြောင့် မက္ခလိဂေါသာလသည် ပါဠိတော်၌ ဒွဥ္စန္တရကပ္ပါ-ဟု ဆိုအပ်ပါ၏ ဟူလို။ **(၂-မှတ်)**

၃။ (ဂ) (ဃ) ဝါကျတို့ကို ဖြစ်သင့်သည်အားလျော်စွာ စောဒကာဘောဂါဒိစတုက္က ထုတ်ပြခဲ့ပါ။

(အဖြေ) (ဂ-ဃ)ဝါကျ စောဒကာဘောဂါဒိစတုက္က ထုတ်ပုံ

(၁) နနု ကေသို့ ဂပွေ စတုသဋ္ဌိ အန္တရကပ္ပါ နာမ ဟောန္တိ။ (စောဒကာဘောဂ) (၃-မှတ်)

(၂) အထ ကသ္မာ ဒွဋ္ဌန္တရကပ္ပါတိ ဝေမာဟ။ (စောဒနာ) (၂-မှတ်)

(၃) အယံ အဩ္ဍေ ဒွေ အဇ္ဈာနန္တော။ (ပရိဟာရာဘောဂ) (အန္တပစ္စည်း ဟိတ်အနက်။ အဇ္ဈာနန္တတ္တာ-ဟုလည်း ပြင်၍ထားနိုင်၏။) (၃-မှတ်)

(၄) ဒွဋ္ဌန္တရကပ္ပါတိ ဝေမာဟ။ (ပရိဟာရ) (၂-မှတ်)

**မှတ်ချက်။** ပရိဟာရာဘောဂကို နနု (သို့မဟုတ်) ယသ္မာနှင့် ရေး၍ ပရိဟာရကို တသ္မာ-နှင့် ရေးလျှင်လည်း မှန်ကန်ပါက အမှတ်ပေးပါသည်။)

၄။ (က) ဝါကျလာ လဒ္ဓိ-ကို ဝစနတ္ထပြု၍ ဝစနာဒိဆက္က ဝေဘန်ပြခဲ့ပါ။

**(အဖြေ) လဘီတဗ္ဗာတိ လဒ္ဓိ။ (၄-မှတ်)**

(၁) လဒ္ဓိ-ဟူသော ပုဒ်ပြီးနိပ္ဖန္နသည် ဝစနမည်၏။

(၂) လဘီတဗ္ဗာ-ဟူသော ဝိဂ္ဂြိုဟ်ဝါကျသည် ဝစနတ္ထမည်၏။

(၃) ယူခြင်းကြိယာသကတ်သည် ဝစနဟေတုမည်၏။

(၄) ဝိဂ္ဂြိုဟ်၌ပါသော ဣတိ-သဒ္ဒါသည် ဝစနဟေတုဇောတကမည်၏။

(၅) မိစ္ဆာအယူဒြဗ်သည် ဝစနီယမည်၏။

(၆) ဒိဋ္ဌိ-စသော ပရိယာယ်ပုဒ်အပေါင်းသည် ဝစနီယတ္ထမည်၏။ **(၁-မှတ်စီ၊ ၆-မှတ်)**

**မှတ်ချက်။** လဘန်/လဘီယတေ လဒ္ဓိ-ဟု ဘာဝသာဓနပြု၍ ထုတ်လျှင်လည်း အမှတ်ပေးပါသည်။ (ဓာန်ဋီ၊ ၁၆၁၊ ၈၈၈-ဂါထာအဖွင့်)

၅။ (ဃ) ဝါကျလာ အဇ္ဈာနန္တော-ကို ဟိတ်ပြင်၍ သမ္ဗန်ခံပြီးလျှင် ယင်း၏သမ္ဗန်ကို အနက်အားလျော်စွာ စာစပ်ပြခဲ့ပါ။။

**(အဖြေ) "ဟိတ်ပြင်, သမ္ဗန်ခံ, စာစပ်"**

(ဃ) ဝါကျလာ အဇ္ဈာနန္တော-ကို "အဇ္ဈာနန္တတ္တာ"ဟု ဟိတ်ပြင်ရပါမည်။ **(၂-မှတ်)**

ယင်း၏ သမ္ဗန်ကို "ဣမဿ မဂ္ဂလိဂေါ်သာလဿ"ဟု ခံရမည်။ **(၃-မှတ်)**

ဣမဿ မဂ္ဂလိဂေါ်သာလဿ-ကား "သည်"ဟူ၍ အနက်ပေးသောကြောင့် အဇ္ဈာနန္တတ္တာ-ဝယ် အဇ္ဈာနန္တ-ဟူသော ဘာဝယောဂပုဒ်၌ (တုလျတ်, ဝါစ္စ) ကတ္တား။ အဇ္ဈာနန္တ-ဟူသော ဘာဝယောဂပုဒ်ကား (လိင်္ဂတ်, ဝါစက) ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။ (၃-မှတ်)

**(တစ်နည်း)** ဣမဿ မဂ္ဂလိဂေါ်သာလဿ-ကား "၏"ဟူ၍ အနက်ပေးသောကြောင့် အဇ္ဈာနန္တတ္တာ-ဝယ် တ္တ-ပစ္စည်း၌ ဂုဏီ, သတ္တိမန္တဖြစ်သော သမ္ဗန်။ တ္တ-ပစ္စည်းကား ဂုဏ်, သတ္တိဖြစ်သော သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။ **(၂-မှတ်)**

၆။ (က)(ခ) (ဂ) ဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

(အဖြေ) (က) ဝါကျ **ကာယကမ္မဋ္ဌ ဝစီကမ္မဋ္ဌ-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့်** ကမ္မေ-၌ ကမ္မ-အရ ကာယကံ, ဝစီကံတို့ကို ယူရမည်၏အဖြစ်ကို သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ) (၂-မှတ်) **မနောကမ္မံ-ဟူသောသံဝဏ္ဏနာပါဌ်ဖြင့်** ဥပမာကမ္မေ-၌ ဥပမာကမ္မ-အရ မနောကံကို ယူရမည်၏အဖြစ်

ကို သိစေပါသည်။ (သရုပ်ကြား အဘိဓေယျတ္ထသံဝဏ္ဏနာ) (၂-မှတ်)

(ခ) ဝါကျ **ဒွါသဋ္ဌိ ပဋိပဒါ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** ဒွဋ္ဌိပဋိပဒါ-ဟူသောသံဝဏ္ဏေတဗ္ဗပုဒ်ကို ဒွါသဋ္ဌိ ပဋိပဒါ-ဟု ဆိုလိုလျက် အာ-ကို အ-ပြု၊ သ-ကို ချေ၍ ဒွဋ္ဌိပဋိပဒါဟု ရုပ်ပြီးနေသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၃-မှတ်)

**(ဂ) ဝါကျသံဝဏ္ဏနာပါဌ်ဖြင့်** ဒွဋ္ဌန္တရကပ္ပါ-ကို ဒွါသဋ္ဌိ အန္တရကပ္ပါ-ဟု ဆိုလိုလျက် ဒွါ-၌ အာ-ကို အ-ပြု၊ ဋ္ဌိ-၌ ဣ-ကို အ-ပြု၊ သ-ကို ချေ၍ ဒွဋ္ဌန္တရကပ္ပါ-ဟု ရုပ်ပြီးနေသည်၏အဖြစ်ကို သိစေပါသည်။ (ဘာဝတ္ထသံဝဏ္ဏနာ) (၃-မှတ်)

၇။ (က) ဒွဋ္ဌိပဋိပဒါ၊ (ခ) ဒွဋ္ဌန္တရကပ္ပါ-ပုဒ်တို့၏ နိရုတ္တိနည်းတို့ဖြင့် ရုပ်ပြီးပုံကို ဖော်ပြခဲ့ပါ။

(အဖြေ) **(က) ဒွဋ္ဌိပဋိပဒါ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ**

ဒွဋ္ဌိပဋိပဒါ-ကား ဒွါသဋ္ဌိပဋိပဒါ-ဟု ဆိုလိုလျက် အာ-ကို အ-ပြုခြင်းတည်းဟူသော ဝဏ္ဏဝိကာရ နိရုတ္တိနည်း၊ သ-ကို ချေခြင်းတည်းဟူသော ဝဏ္ဏလောပနိရုတ္တိနည်းတို့ဖြင့် ဒွဋ္ဌိပဋိပဒါဟု ရုပ်ပြီးပါသည်။ (၅-မှတ်)

**(ခ) ဒွဋ္ဌန္တရကပ္ပါ-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ**

ဒွဋ္ဌန္တရကပ္ပါ-ကား ဒွါသဋ္ဌိအန္တရကပ္ပါ-ဟု ဆိုလိုလျက် ဒွါ-၌ အာ-ကို အ-ပြုခြင်း၊ ဋ္ဌိ-၌ ဣ-ကို အ-ပြုခြင်းတည်းဟူသော ဝဏ္ဏဝိကာရနိရုတ္တိနည်း၊ သ-ကို ချေခြင်းတည်းဟူသော ဝဏ္ဏလောပနိရုတ္တိနည်းတို့ဖြင့် ဒွဋ္ဌန္တရကပ္ပါ-ဟု ရုပ်ပြီးပါသည်။ (၅-မှတ်)

၈။ ဒေသေဿာမိ, ဘာသိဿာမိ-ပုဒ်နှစ်ခုကို၏ အထူးကို ရေးပြီးလျှင် သာသနာတော်၏ အစ, အလယ်, အဆုံးတို့ကိုလည်း အဋ္ဌကထာလာအတိုင်း ဖော်ပြခဲ့ပါ။

(အဖြေ) အကျဉ်းဖြစ်သောတရားကို ပြတတ်သောပုဒ်သည် ဒေသေဿာမိ မည်ပါသည်။
အကျယ်ဖြစ်သောတရားကို ပြတတ်သောပုဒ်သည် ဘာသိဿာမိ မည်ပါသည်။ ဤသို့ ထူးပါသည်။ (၂-မှတ်စီ၊ ၄-မှတ်)

သာသနာတော်၏ အစကား- သီလ, သမာဓိ, ပညာတို့ ဖြစ်ပါသည်။ (၂-မှတ်)
အလယ်ကား- အရိယာမဂ်ဖြစ်ပါသည်။ (၂-မှတ်)
အဆုံးကား- ဖိုလ်, နိဗ္ဗာန်တို့ ဖြစ်ပါသည်။ (၂-မှတ်)

၉။ အညံ ဥပ္ပဇ္ဇတေ စိတ္တံ၊ အညံ စိတ္တံ နိရုဇ္ဈတိ။
အဝီစိမနုသမ္ဗန္ဓော၊ နဒီသောတောဝ ဝတ္တတိ-ဟူသော ဂါထာကို ဆန်းစစ်ပြပြီးလျှင် ဂါထာအမည်, ဆန်းအမည် ပေးခဲ့ပါ။

(အဖြေ) **အညံ ဥပ္ပဇ္ဇတေ စိတ္တံ-အစရှိသော ဂါထာသည်-**

(၁) ပါဒတိုင်း ပါဒတိုင်း အက္ခရာရှစ်လုံးစီ ရှိခြင်း၊

(၂) ပါဒတိုင်း ပါဒတိုင်း အစတစ်လုံးနောင် သဂိုဏ်း၊ နဂိုဏ်းတို့ မရှိခြင်း၊

(၃) ဝိသမပါဒ အစအက္ခရာလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း

(၄) သမပါဒ အစအက္ခရာလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်း

ဤလက္ခဏာတို့နှင့် ပြည့်စုံသောကြောင့် "ပထျာဝတ္တဂါထာ" ဖြစ်ပါသည်။ **(၈-မှတ်)**

တစ်ပါဒလျှင် အက္ခရာရှစ်လုံးစီရှိသောကြောင့် "အနုဋ္ဌုဘဆန်း" ဖြစ်ပါသည်။ **(၂-မှတ်)**

၁၀။ (ဃ) ဝါကျလာ ပဓာနကြိယာပုဒ်၏ အန္တတ္ထအရတရားကို ကိုယ်ပြု၍ ဘာဝစသည် စုံလင်စွာ ထုတ်ပြခဲ့ပါ။

**(အဖြေ)** (ဃ) ဝါကျလာ အာဟ-ကြိယာ၏ အန္တတ္ထအရ- မက္ခလိဂေါသာလ၏သန္တာန်၌ဖြစ်သော မောဟ, ဒိဋ္ဌိ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် ရ၏။ **(၂-မှတ်)**

(၁) ယင်းစိတ္တုပ္ပါဒ်သည် **ကာမရတိဋ္ဌာယီဘာဝ၊ ကာမသိဂီါရရသမည်၏။ (၂-မှတ်)**

(၂) "ဒွင္ဒန္တရကပ္ပါ"ဟူသော ပါဠိတော်စကားဖြင့်သည် **အာရမ္မဏဝိဘာဝမည်၏။ (၂-မှတ်)**

(၃) မက္ခလိဂေါသာလ၏ သာသနာတော်အတွင်း၌ ဘုရားတရားကို နာကြားမှုမရှိခြင်း၊ သာသနာပ မိစ္ဆာအယူရှိခြင်း၊ အခြားတစ်ပါးသော အန္တရကပ်နှစ်ခုကို မသိခြင်းစသည်တို့သည် **ဥဒ္ဒီပနဝိဘာဝ မည်၏။ (၂-မှတ်)**

(၄) အခြားတစ်ပါးသော အန္တရကပ်နှစ်ခုကို မသိခြင်းကြောင့် ဒွင္ဒန္တရကပ္ပါ-ဟု ဆိုခြင်း၊ ထိုသို့ဆိုသဖြင့် အန္တရကပ် ၆၂-ကပ် မဟုတ်၊ ၆၄-ကပ်ရှိ၏ဟု သောတုဇနတို့ သိရခြင်း၊ မက္ခလိဂေါသာလ၏ မိစ္ဆာ အယူရှိသည်ဟု သိရခြင်း၊ နောင်တမလွန်ဘဝ၌ အဝီစိတိုင်အောင် ကျရောက်ရခြင်းစသော အကျိုး တရား အဆက်ဆက်တို့သည် **အနုဘာဝမည်၏။ (၂-မှတ်)**

---

**သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ ။ ။ ဒုတိယနေ့မေးခွန်း**

၁၃၈၄-ခုနှစ်၊ ကဆုန်လဆန်း (၅)ရက်၊ (၄-၅-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့

ခွင့်ပြုသည့်အချိန်။ ။လေးနာရီ (မွန်းတည့် ၁၂-နာရီမှ ညနေ ၄-နာရီအထိ)

(သတိပြုရန်အချက်။ ။စာဖြေချိန် ၂-နာရီပြည့်မှ စာဖြေခန်းအတွင်းမှ ထွက်ခွာရန်)

**စာချတန်းရိုးရိုး**

(က) တတ္ထ ကိဉ္စာပိ ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ စက္ကဝတ္တီ ဟောတိ၊ န တေဟေဝ ဗုဒ္ဓေါ ဟောတိ၊ ဇာတိသာမညတော ပန တာနိယေဝ တာနီတိ ဝုစ္စန္တိ။

(ခ) တေန ဝုတ္တံ "**ယေဟိ သမန္နာဂတဿာ**"တိ။

(ဂ) **သစေ အဂါရံ အဇ္ဈာဝသတီ**တိ ယဒိ အဂါရေ ဝသတိ။

(ဃ) **ရာဇာ ဟောတိ စက္ကဝတ္တီ**တိ စတူဟိ အစ္ဆရိယဓမ္မေဟိ, သင်္ဂဟဝတ္ထူဟိ စ လောကံ ရဉ္စနတော ရာဇာ၊

(င) စက္ကရတနံ ဝတ္တေတိ စတူဟိ သမ္ပတ္တိစက္ကေဟိ ဝတ္တတိ, တေဟိ စ ပရံ ဝတ္တေတိ, ပရဟိတာယ စ ဣရိယာပထစက္ကာနံ ဝတ္တော ဧတသ္မိံ အတ္ထီတိ **စက္ကဝတ္တီ**။

(စ) ဧတ္ထ စ "ရာဇာ"တိ သာမညံ၊ "စက္ကဝတ္တီ"တိ ဝိသေသံ။

၁။ (င) အမှတ်ပြဝါကျကိုသာ နိယမာနိယမနည်းအားဖြင့် နိဿယကျကျ အနက်ယောဇနာပြခဲ့ပါ။

၂။ (ခ) အမှတ်ပြဝါကျသို့ ဥပနာတိကပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြခဲ့ပါ။

၃။ (က) အမှတ်ပြဝါကျကိုရှု၍ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္က ထုတ်ပြပြီးလျှင် ယင်းဝါကျ၌ ကိဉ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၄။ (စ) အမှတ်ပြဝါကျလာ "ရာဇာ"ပုဒ်ကို (ဃ) ဝါကျကိုရှုလျက် ဝစနတ္ထပြပြီးလျှင် ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထမျှသာ ထုတ်ပြခဲ့ပါ။

၅။ (က) အမှတ်ပြဝါကျ၌ ဟိတ်ပုဒ်၏သမ္ဗန်ကို ခံပြပြီးလျှင် ယင်းသမ္ဗန်ကိုလည်း အတ္ထာနုရူပ စာစပ်ပြခဲ့ပါ။

၆။ (ဂ) (ဃ) အမှတ်ပြဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

၇။ အဂါရံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ရသင့်သော ဝိပလ္လာသနည်းနှင့် စက္ကရတနံ-၌ ရတန-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေဆိုခဲ့ပါ။

၈။ (ဃ) အမှတ်ပြဝါကျလာ သင်္ဂဟဝတ္ထုသရုပ်ကို ထုတ်ပြပြီးလျှင် (စ) ဝါကျ၌ ရာဇာ-၏ သာမညဖြစ်ပုံ, စက္ကဝတ္တီ-၏ ဝိသေသဖြစ်ပုံကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

၉။ (င) အမှတ်ပြဝါကျကို အဓိပ္ပါယ်မပျက်စေဘဲ နှစ်သက်ရာ ဝုတ္တမျိုးဂါထာတစ်ပုဒ် စီကုံးပြပြီးလျှင် ဂါထာအမည်, ဆန်းအမည်ကိုလည်း ပေးပြခဲ့ပါ။

၁၀။ (ဃ) အမှတ်ပြဝါကျလာ ရဉ္စနတော-၌ သုဒ္ဓကတ္တုဒြကြိယာအရကို ယူ၍ ဘာဝါလက်ာရနယ စုံလင်စွာ ထုတ်ပြခဲ့ပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

**(မေးခွန်းစာရွက်ပေါ်တွင် ခုံအမှတ်မှတစ်ပါး မည်သည့်စာမျှ မရေးရ)**

၁။ (င) အမှတ်ပြပါဝါကျကိုသာ နိယမာနိယမနည်းအားဖြင့် နိသျကျကျ အနက်ယောဇနာပြခဲ့ပါ။

(ဖြေ) (ယော ရာဇာ၊ သည်) စက္ကရတနံ၊ စကြာရတနာကို။ ဝတ္တေတိ၊ လည်စေတတ်၏။ ဣတိ တသ္မာ စ၊ ထိုသို့ စကြာရတနာကို လည်စေတတ်သည်၏ အဖြစ်ကြောင့်လည်း။ (သော ရာဇာ၊ သည်) စက္ကဝတ္တီ၊ စက္ကဝတ္တီမည်၏။ (၂-မှတ်)

(ယော ရာဇာ၊ သည်။) စတူဟိ၊ လေးပါးကုန်သော။ သမ္ပတ္တိစက္ကေဟိ၊ သမ္ပတ္တိစက်တို့ဖြင့်။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဝါ၊ ကျင့်တတ်၏။ ဣတိ တသ္မာ စ၊ ထိုသို့ လေးပါးသော သမ္ပတ္တိစက်တို့ဖြင့် ကျင့်တတ်သည်-၏ အဖြစ်ကြောင့်လည်း။ (သော ရာဇာ၊ သည်။) စက္ကဝတ္တီ၊ စက္ကဝတ္တီမည်၏။ (၂-မှတ်)

(ယော ရာဇာ၊ သည်။) စတူဟိ၊ လေးပါးကုန်သော။ တေဟိ သမ္ပတ္တိစက္ကေဟိ၊ ထိုလေးပါးသော သမ္ပတ္တိ-စက်တို့ဖြင့်။ ပရံ၊ တပါးသောသတ္တဝါအပေါင်းကို။ ဝတ္တေတိ၊ ကျင့်စေတတ်၏။ ဣတိ တသ္မာ စ၊ ထိုသို့ လေးပါးသောသမ္ပတ္တိစက်တို့ဖြင့် တပါးသောသတ္တဝါအပေါင်းကို ကျင့်စေတတ်သည်၏ အဖြစ်ကြောင့်လည်း။ (သော ရာဇာ၊ သည်။) စက္ကဝတ္တီ၊ စက္ကဝတ္တီမည်၏။ (၃-မှတ်)

တေသံ၊ ဤမင်း၌။ ပရဟိတာယ၊ တပါးသောသတ္တဝါတို့၏ အစီးအပွားအလို့ငှာ။ ဣရိယာပထစက္ကာနံ၊ ဣရိယာပုထ်တည်းဟူသော စက်တို့၏။ ဝတ္တော၊ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ စ၊ ထိုသို့ တပါးသော သတ္တဝါတို့၏ အစီးအပွားအလို့ငှာ ဣရိယာပုထ်တည်းဟူသော စက်တို့၏ ဖြစ်ခြင်းရှိရာ၏ အဖြစ်ကြောင့်လည်း။ (သော ရာဇာ၊ သည်။) စက္ကဝတ္တီ၊ စက္ကဝတ္တီမည်၏။ (၃-မှတ်)

**မှတ်ချက်။ ။ ၄-ချက် ခွဲမဖြေဘဲ တစ်ချက်တည်း ပေါင်းဖြေလျှင် ၆-မှတ်သာ ပေးရန်။**

၂။ (ခ) အမှတ်ပြပါဝါကျသို့ ဥပနာတိကပုစ္ဆာနည်းဖြင့် ကျမ်းတက်ပြခဲ့ပါ။

(ဖြေ) **(ခ) ဝါကျသို့ ဥပနာတိကပုစ္ဆာနည်းဖြင့် ကျမ်းတက်ပုံ---**

အရှင်အဋ္ဌကထာဆရာ ဆရာသည် (က) ဝါကျဖြင့် ဇာတ်အားဖြင့် တူနေကြကုန်သည်၏အဖြစ်ကြောင့် စကြဝတေးမင်းဖြစ်ကြောင်း လက္ခဏာတို့ကိုပင် ဘုရားဖြစ်ကြောင်း လက္ခဏာတို့-ဟူ၍ ဆိုအပ်ကုန်သော ဟု ဖွင့်ဆိုတော်မူ၏။ (ဥပနာ) (၃-မှတ်)
ထိုသို့ ဆိုသဖြင့် အဘယ်သို့သော အကျိုးလဒ္ဓဂုဏ်ကို ရရှိအပ်ပါသနည်း။ (ပုစ္ဆာ) (၂-မှတ်)
တစုံတခု ရသင့်ရထိုက်သော အကျိုးလဒ္ဓဂုဏ်ကို မပြဆိုတော့ပြီလော။ (အာဘော်) (၃-မှတ်)
ဤသို့ ဥပနာတိကနည်းဖြင့် မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) ဝါကျကို မိန့်ဆိုတော်မူ၏။

**အဓိပ္ပါယ်ကား-** (ခ) ဝါကျဖြင့် ထိုသို့ ဆိုခြင်းကြောင့် "ယေဟိ သမန္နာဂတဿ"ဟူ၍ ဆိုရခြင်း အကျိုးရှိပါ၏-ဟူလိုသော်။ (၂-မှတ်)

**မှတ်ချက်။ ။ အာဂမဒဋ္ဌိကရဏဝါကျ၊ နိဂမနဝါကျများ အနေဖြင့်တက်လျှင်လည်း အမှတ်ပေးပါသည်။**

၃။ (က) အမှတ်ပြဝါကျကိုရှု၍ ဖြစ်သင့်သော စောဒကာဘောဂါဒိစတုက္က ထုတ်ပြပြီးလျှင် ယင်းဝါကျ၌ ကိစ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

**(ဖြေ) (က) ဝါကျ စောဒကာဘောဂါဒိစတုက္က ထုတ်ပုံ-----**

(၁) နနု ယေဟိ လက္ခဏေဟိ သမန္နာဂတော ရာဇာ စက္ကဝတ္တီ ဟောတိ၊ န တေဟေဝ ဗုဒ္ဓေါ ဟောတိ။ (စောဒကာဘောဂ) (၂-မှတ်)

(၂) အထ ကသ္မာ တာနိယေဝ တာနီတိ ဝုစ္စန္တိ။ (စောဒနာ) (၂-မှတ်)

(၃) ဇာတိသာမညတော။ (ပရိဟာရာဘောဂ) (၂-မှတ်)

(၄) တာနိယေဝ တာနီတိ ဝုစ္စန္တိ။ (ပရိဟာရ) (၁-မှတ်)

**မှတ်ချက်။** နနု ဇာတိသမာနံ ဟောတိ၊ တသ္မာ-ဟုဖြစ်စေ၊ ယသ္မာ ဇာတိသမာနံ ဟောတိ၊ တသ္မာ-ဟု ဖြစ်စေ ပရိဟာရာဘောဂ ထုတ်လျှင်လည်း အမှတ်ပေးရန်။

**ကိစ္စာပိ-သဒ္ဒါ ထားရခြင်းအကြောင်း---**

"ယေဟိ သမန္နာဂတဿ" အစရှိသော ပါဠိတော်သဒ္ဒါကို မနှစ်သက်သောကြောင့် (တနည်း) စကြဝတေးမင်း၏ လက္ခဏာနှင့် ဘုရားရှင်၏ လက္ခဏာကို အတူပြု၍ ဆိုအပ်သောအနက်ကို မနှစ်သက်သောကြောင့် ကိစ္စာပိ-သဒ္ဒါ ထားရပါသည်။ (၃-မှတ်)

၄။ (စ) အမှတ်ပြဝါကျလာ "ရာဇာ"ပုဒ်ကို (ဃ) ဝါကျကိုရှုလျက် ဝစနတ္ထပြုပြီးလျှင် ဝစနဟေတု, ဝစနီယ, ဝစနီယတ္ထမျှသာ ထုတ်ပြခဲ့ပါ။

**(ဖြေ)** စတူဟိ အစ္ဆရိယဓမ္မေဟိ သင်္ဂဟဝတ္ထူဟိ စ လောကံ ရဉ္ဇေတီတိ ရာဇာ။ (၄-မှတ်)

(၁) လေးပါးကုန်သော အစ္ဆရိယဓမ္မ, သင်္ဂဟဝတ္ထုတို့ဖြင့် လူအပေါင်းကို နှစ်သက်စေခြင်းကြိယာသည် (ဝါ) သတ္တိသည် ဝစနဟေတုမည်၏။ (၂-မှတ်)

(၂) စကြဝတေးမင်း အနက်ဒြပ်သည် ဝစနီယမည်၏။ (၂-မှတ်)

(၃) သဗ္ဗဘုမ္မ, စက္ကဝတ္တိ-ဟူသော ပရိယာယ်ပုဒ်အပေါင်းသည် ဝစနီယတ္ထမည်၏။ (၂-မှတ်)

**မှတ်ချက်။** ။ ရဉ္ဇေတီတိ ရာဇာ-ဟု သာမည ဝစနတ္ထပြု၍ သာမညမင်းဒြပ်, သာမညမင်းဟော ပရိယာယ်ပုဒ်တို့ကို ထုတ်ခဲ့သော် အမှတ်မပေးရန်။

၅။ (က) အမှတ်ပြဝါကျ၌ ဟိတ်ပုဒ်၏သမ္ဗန်ကို ခံပြပြီးလျှင် ယင်းသမ္ဗန်ကိုလည်း အတ္ထာနုရူပ စာစပ်ပြခဲ့ပါ။

**(ဖြေ) သမ္ဗန်ခံ, စာစပ်---**

(က) ဝါကျ ဇာတိသာမညတော-ဟိတ်ပုဒ်၏ သမ္ဗန်ကား = တေသံယေဝ (လက္ခဏာနံ)၊ (တစ်နည်း) တေသံ (ဒွိန္နံ လက္ခဏာနံ) ဟု ခံရပါသည်။ (၄-မှတ်)

**မှတ်ချက်။ ။ တစ်နည်းနည်း မှန်လျှင် အမှတ်ပေးပါသည်။**

တေသံယေဝ (လက္ခဏာနံ)၊ (တစ်နည်း) တေသံ (ဒွိန္နံ လက္ခဏာနံ)-ကား "တို့သည်"ဟူ၍ အနက်ပေးသောကြောင့် ဇာတိသာမညတော-ဝယ် ဇာတိသမာန-ဟူသော ဘာဝယောဂပုဒ်၌ (တုလျတ်, ဝါစ္စ) ကတ္တား။ ဇာတိသမာန-ဟူသော ဘာဝယောဂပုဒ်ကား (လိင်္ဂတ်, ဝါစက) ကတ္တိအဖြစ်ဖြင့် စပ်အပ်၏။ (၃-မှတ်)

**(တစ်နည်း)** တေသံယေဝ (လက္ခဏာနံ)၊ (တစ်နည်း) တေသံ (ဒွိန္နံ လက္ခဏာနံ)-ကား "တို့၏"ဟူ၍ အနက်ပေးသောကြောင့် ဇာတိသာမညတော-ဝယ် ဏျ-ပစ္စည်း၌ ဂုဏီ, သတ္တိမန္တဖြစ်သော သမ္ဗန်။ ဏျ-ပစ္စည်းကား ဂုဏ်, သတ္တိဖြစ်သော သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်အပ်၏။ (၃-မှတ်)

၆။ (ဂ) (ဃ) အမှတ်ပြဝါကျတို့ဖြင့် သိစေအပ်သော အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာအမည်တို့ကို တွဲစပ်ဖော်ပြခဲ့ပါ။

**(ဖြေ)** (ဂ) ဝါကျ **ယဒိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** သစေ-ဟူသော သံဝဏ္ဏေတဗ္ဗ နိပါတ်ပုဒ်၏ ယဒိ-အနက်ဟောသည်၏အဖြစ်ကို သိစေပါသည်။ **(နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ) (၁-မှတ်)**

အဂါရေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဇ္ဈာဝသတိ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အဓိပုဗ္ဗ, အာပုဗ္ဗ, ဝသ-

နက်ဟောသည်၏အဖြစ်ကို သိစေပါသည်။ **(နိပါတလိင်္ဂတ္ထသံဝဏ္ဏနာ)** (၁-မှတ်)
အဂါရေ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့် အဓိကရဏဝသတ်-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ အဓိပုဗ္ဗ, အာပုဗ္ဗ, ဝသ-ဓာတ်၏ အယှဉ်ဖြစ်သောကြောင့် အဂါရံ-ဝယ် ဒုတိယာ အံ-ဝိဘတ်သည် ကမ္မတ္ထ၌ မသက်၊ ဘုမ္မတ္ထ၌ သက်သည်၏အဖြစ်ကို သိစေပါသည်။ **(ဝိဘတျတ္ထသံဝဏ္ဏနာ)** (၂-မှတ်)
**ဝသတိ-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** အဓိကရဏဝသတ်-၌ အဓိ, အာ, ဥပသာရပုဒ်များသည် သီးခြားအနက်များကို မဟော၊ ဝသ-ဓာတ်၏အနက်သို့ အစဉ်လိုက်၍ ဟောကြားသောကြောင့် ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကို သိစေပါသည်။ **(ဥပသဂ္ဂလိင်္ဂတ္ထသံဝဏ္ဏနာ)** (၁-မှတ်)

(ဃ) ဝါကျ **လောကံ ရဥ္ဇနတော-ဟူသော သံဝဏ္ဏနာပါဌ်ဖြင့်** ရာဇာ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ရာဇဓာတ် မဟုတ်၊ ရဉ္ဇ-ဓာတ်၏ အဖြစ်ကိုလည်းကောင်း **(ဒုတိယဓာတုပဒသံဝဏ္ဏနာ)** (၁-မှတ်) ဏ-ပစ္စည်း၏ ကတ္တားအနက်စသည်တို့၌ မသက်၊ ဟေတုကတ္တားအနက်၌ သက်သည်၏အဖြစ်ကိုလည်းကောင်း **(ဒု-ပစ္စယတ္ထသံဝဏ္ဏနာ) (၂-မှတ်)**၊ ရာဇာ-ဟူသောပုဒ်ကို ရဉ္ဇေတီတိ ရာဇာ-ဟု ဟေတုကတ္တုသာဓနဝစနတ္ထပြုရမည်၏အဖြစ်ကိုလည်းကောင်း **(အဘိဓာနတ္ထသံဝဏ္ဏနာ)** (၁-မှတ်)၊

**နှစ်သက်စေ၏ဟူသည်**- မိမိက နှစ်သက်သည်မဟုတ်၊ တိုင်းသူပြည်သား လူအပေါင်းတို့က နှစ်သက်၏-ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း **(ဘာဝတ္ထသံဝဏ္ဏနာ)** သိစေပါသည်။ (၁-မှတ်)

**စတူဟိ အစ္ဆရိယဓမ္မေဟိ သင်္ဂဟဝတ္ထူဟိ စ-ဟူသော သံဝဏ္ဏနာပါဌ်တို့ဖြင့်** တိုင်းသူပြည်သား လူအပေါင်းကို နှစ်သက်စေတတ်၏-ဟူသည် အစ္ဆရိယတရားလေးပါး, သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် နှစ်သက်စေတတ်သတည်းဟု သိစေပါသည်။ **(ဘာဝတ္ထသံဝဏ္ဏနာ)** (၁-မှတ်)
**မှတ်ချက်။ ။ ဗျတိရေကအာဘော်များ မပါလျှင်လည်း အမှတ်ပေးပါသည်။**

၇။ အဂါရံ-ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်၌ ရသင့်သော ဝိပလ္လာသနည်းနှင့် စက္ကရတနံ-၌ ရတန-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံကို ဖြေဆိုခဲ့ပါ။

(ဖြေ) **အဂါရံ-ပုဒ်၌ ရသင့်သော ဝိပလ္လာသနည်း---**
အဂါရေ-ဟု ဆိုအပ်သော သတ္တမီဝိဘတ်ကို အဂါရံ-ဟု ဒုတိယာဝိဘတ်အားဖြင့် ပြန်ထားသောကြောင့် ဝိဘတ္တိဝိပလ္လာသနည်းကို ရပါသည်။ (၅-မှတ်)
**ရတန-ပုဒ်၏ နိရုတ္တိနည်းဖြင့် ရုပ်ပြီးပုံ---**
ရတိဇနန-ဟု ဆိုလိုလျက် တ-၏မှီရာ ဣ-ကို အ-ပြုခြင်း (ဝဏ္ဏဝိကာရနိရုတ္တိနည်း)၊ ဇန-ကို ချေခြင်း (ဝဏ္ဏလောပနိရုတ္တိနည်း) တို့ဖြင့် ရတန-ဟု ပြီးပါသည်။
**(တစ်နည်း)** ရမု-ဓာတ်, ယု-ပစ္စည်းဖြင့် 'ရမန'ဟု ဆိုလိုလျက် ဓာတွန် မ-ကို တ-ပြု၍ (ဝဏ္ဏဝိကာရနိရုတ္တိနည်း) ဖြင့် ရတန-ဟု ပြီးပါသည်။
**(တစ်နည်း)** ရတ-သဒ္ဒူပပဒ ဇန-ဓာတ်, အ-ပစ္စည်းဖြင့် 'ရတဇန'ဟု ဆိုလိုလျက် ဇ-ကို ချေ၍ (ဝဏ္ဏလောပနိရုတ္တိနည်း) ဖြင့် ရတန-ဟု ပြီးပါသည်။ (၅-မှတ်)
**မှတ်ချက်။ ။ တစ်နည်းနည်း မှန်လျှင် အမှတ်ပေးပါသည်။**

၈။ (ဃ) အမှတ်ပြဝါကျလာ သင်္ဂဟဝတ္ထုသရုပ်ကို ထုတ်ပြပြီးလျှင် (စ) ဝါကျ၌ ရာဇာ-၏ သာမညဖြစ်ပုံ, စက္ကဝတ္တိ-၏ ဝိသေသဖြစ်ပုံကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

(ဖြေ) **သင်္ဂဟဝတ္ထု-သရုပ်---**
၁။ ဒါန - ပေးကမ်းသင့်သူအား ပေးကမ်းခြင်း။
၂။ ပိယဝစန - ချစ်ဖွယ်စကားကို ပြောဆိုခြင်း။
၃။ အတ္ထစရိယာ - တိုင်းသူပြည်သား၏ စီးပွားကို ပြုကျင့်ခြင်း။
၄။ သမာနတ္တတာ - သုခဒုက္ခတို့၌ တူမျှသော သဘောရှိသည်၏အဖြစ်, တိုင်းသူပြည်သားတို့နှင့် အေးအတူပူအမျှဖြစ်ခြင်းတို့ ဖြစ်ပါသည်။ (၄-မှတ်)

**မှတ်ချက်။ ။ ပါဠိ/မြန်မာ မည်သည့်ဘာသာဖြင့် ဖြေဖြေ အမှတ်ပေးပါသည်။**

**ရာဇာ-၏ သာမညဖြစ်ပုံ---**

မင်းအများနှင့် ဆက်ဆံသောကြောင့် ရာဇာ-သည် သာမညဖြစ်ပါသည်။ (၃-မှတ်)

**စက္ကဝတ္တိ-၏ ဝိသေသဖြစ်ပုံ---**

စကြဝတေးမင်းနှင့်သာ ဆက်ဆံသောကြောင့် စက္ကဝတ္တိ-သည် ဝိသေသဖြစ်ပါသည်။ (၃-မှတ်)

၉။ (င) အမှတ်ပြဝါကျကို အဓိပ္ပါယ်မပျက်စေဘဲ နှစ်သက်ရာ ဝတ္တမျိုးဂါထာတစ်ပုဒ် စီကုံးပြပြီးလျှင် ဂါထာအမည်, ဆန်းအမည်ကိုလည်း ပေးပြခဲ့ပါ။

(ဖြေ) စက္ကံ ဝတ္တတိ ဝတ္တေတိ၊ ပရံ ဝတ္တေတိ တေဟိ စ။

စက္ကဝတ္တေန သမ္ပန္နော၊ စက္ကဝတ္တီတိ ဝုစ္စရေ။ (၈-မှတ်)

ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ (၂-မှတ်)

**မှတ်ချက်။ ။ ဝတ္တမျိုးဂါထာ မှန်လျှင် အမှတ်ပေးပါရန်။ ဝတ္တမျိုးဂါထာ မဟုတ်လျှင် အမှတ်မပေးရန်။**

၁၀။ (ဃ) အမှတ်ပြဝါကျလာ ရူဠှနတော-၌ သုဒ္ဓကတ္တုရုဠှကြိယာအရကို ယူ၍ ဘာဝါလက်ာရနယ စုံလင်စွာ ထုတ်ပြခဲ့ပါ။

**(ဖြေ) (ဃ) ဝါကျ ရူဠှနတော-၌ သုဒ္ဓကတ္တုရုဠှကြိယာအရကို ယူ၍ ဘာဝါလက်ာရနယ ထုတ်ပုံ---**

စကြဝတေးမင်းကို နှစ်သက်မြတ်နိုးသော တိုင်းသူပြည်သားလူအများတို့၏သန္တာန်၌ နှစ်သက်ဝမ်းမြောက်သော အခြင်းအရာအားဖြင့်ဖြစ်သော ပီတိ, သောမနဿပြဋ္ဌာန်းသောစိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမသိင်္ဂါရရသ။ (တစ်နည်း) ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိင်္ဂါရရသမည်၏။ (၃-မှတ်)

စကြဝတေးမင်းဒြပ်သည် အာရမ္မဏဝိဘာဝ။ (၂-မှတ်)

လေးပါးကုန်သော အစ္ဆရိယဓမ္မ, လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူအပေါင်းကို နှစ်သက်စေခြင်း, စကြဝတေးမင်းဖြစ်ရာ ဒေသ, ကာလတို့သည် ဥဒ္ဒီပနဝိဘာဝ။ (၂-မှတ်)

တိုင်းသူပြည်သား လူအများတို့ ကာယိကသုခ, စေတသိကသုခ ဖြစ်ရခြင်း၊ စကြဝတေးမင်း၏ တရားသဖြင့် အုပ်ချုပ်မှုကို လိုက်နာကျင့်ရသုံးခြင်း၊ ထိုသို့ လိုက်နာကျင့်သုံးရခြင်းကြောင့် နတ်ရွာသုဂတိသို့ လားရောက်ရခြင်း-စသော အကျိုးတရား အဆက်ဆက်တို့သည် အနုဘာဝ။ (၃-မှတ်)